# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်
## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၂၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၇၇.၇၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

### အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေ ထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၂) လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

**မူကြမ်း**

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊

(၅) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၆) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၃ ရက်၊

(၇) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၈) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၉) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၁၀) ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို ခွင့် ၃ ရက်၊

(၁၁) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၃ ရက်၊

(၁၂) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၃ ရက်၊

(၁၃) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်၊

(၁၄) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၃ ရက်နှင့်

(၁၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၃ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၉၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြား ခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဇော်ဂျီမြစ်ဆိုင်ရာ ဆည်ရေသောက်စနစ်တွင် ပါဝင်သော စွန်ရဲကန်နှင့် မင်းလှကန်တို့အား အပြီးသတ်တူးဖော်ပေးရန်နှင့် ရေကန်များ၏ ဧရိယာသတ်မှတ်၍ နယ်နိမိတ်အတွင်း ကျူးကျော်မှုများကို တားဆီးပေးရန်တို့နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်ပြုံး(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ ရိုသေစွာနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော် စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ကျွန်တော့် စဉ့်ကိုင် မြို့နယ်အတွင်းမှာ ဇော်ဂျီမြစ်ဆိုင်ရာ ဆည်ရေသောက်စနစ်မှာပါဝင်တဲ့ အင်းတွဲမြောင်းအဆုံးက မင်းလှ ကန်၊ စွန်ရဲကန်၊ မင်းရဲမြောင်းအဆုံးမှာရှိတဲ့ မင်းလှကန်၊ ဒီကန်ကြီးနှစ်ကန်ဟာ ရေသိုလှောင်မှု ပမာဏ စွန်ရဲကန်မှာ ဧက ပေ ၉၀၀၀ နဲ့ မင်းလှကန်မှာ ဧက ပေ ၅၀၀၀ ရှိကြောင်း သိရှိရပါတယ်။ အခုအခါမှာ ကန်ရဲ့ ရေဝေရေလဲဧရိယာတွေမှာ သစ်တောတွေပြုန်းတီးလာပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေလည်း တည်ရှိလာပါတယ်။ တောများကို ခုတ်ထွင်ရှင်းလင်းပြီးတော့ စိုက်ဧကများ တိုးချဲ့လာတဲ့အတွက် နှစ်စဉ် မိုးရာသီရောက်တိုင်း မိုးရေနှင့်အတူဖြစ်ပေါ်လာတဲ့ တောင်ကျရေနဲ့ ပါလာတဲ့နုန်းများဟာ ကန်အတွင်းကိုဝင်ရောက်ပြီးတော့ ကောလာတဲ့အတွက် ကန်ရဲ့ရေလှောင်ပမာဏတွေ ကျဆင်းလာခဲ့ပါ တယ်။ ဒီလိုကျဆင်းလာရတာလည်း နှစ်စဉ်မိုးရာသီကာလမှာ ကန်ရဲ့မူလရေလှောင်ပမာဏကို သိုလှောင်နိုင်မှုဟာလည်း ဆယ်စုနှစ်တစ်နှစ်စာလောက် သိုလှောင်နိုင်ခြင်းမရှိတော့ပါဘူး။ အဲဒီလိုမရှိ တဲ့အတွက် ကျွန်တော်တို့ ဒီကန်ထဲကနေ ရေထုတ်ပေးနေတဲ့စိုက်ခင်းတွေမှာ ရေလုံလောက်စွာပေးဝေ နိုင်ခြင်းမရှိပါဘူး။ မိုးရာသီကာလမှာ ရေအပြည့်အဝမရပေမယ်လို့ ကျွန်တော်တို့ဒေသတွေရဲ့ အခြေအနေအရ ဆောင်းရာသီကာလ မိုးစပါးအောင်ရေပေးဝေပြီးတဲ့အချိန်မှာ ပိုလျှံလာတဲ့ရေတွေကို

သိုလှောင်ပေးပါတယ်။ သို့သော်လည်း ကန်ရဲ့ရေလှောင်ပမာဏတွေ ကျဆင်းလာတဲ့အတွက် ဒီသိုလှောင်ထားတဲ့ ရေတွေဟာ မိုးကြိုရာသီကာလ သီးနှံကို ရေပေးလိုက်တဲ့အခါ လာမယ့်နှစ် ယခုလို မိုးရာသီအချိန်ကာလ မိုးစပါးပျိုးထောင်ရေပေးတဲ့အခါမှာ အခက်အခဲများနှင့် အများကြီးကြုံတွေ့လာရပါတယ်။ ဒီ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ သိရှိမေးမြန်းလိုတာကတော့ ဒီကန်ကြီးတွေကို ပြန်လည် တူးဖော်တဲ့နေရာမှာ လွန်ခဲ့တဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်က စတင်တူးဖော်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ရန်ပုံငွေအခြေအနေအရ ရပ်ဆိုင်းသွားပါတယ်။ ဒီ့အတွက် ကျွန်တော် မေးမြန်းလိုတာကတော့ ဒီကန်ကြီးတွေကို ဆက်လက်ပြီးတော့ အပြီးသတ်တူးဖော်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ၊ ကန်ရဲ့ရေဝေရေလဲဧရိယာမှာ နုန်းဖမ်းတောတွေ ပြန်လည်ထူထောင်ပေးဖို့နဲ့ ကန်ရဲ့ရေလှောင်ပမာဏတွေ ကျွန်တော်တို့ သတ်မှတ်ခဲ့တာကလည်း တိကျမှုမရှိတဲ့အတွက် ဒါကိုစနစ်တကျတိုင်းတာပြီးတော့ ပြန်လည်သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ကန်ရဲ့မူလဧရိယာတွေကို လက်ရှိ ၁၆ လက်မ ၁ မိုင်စကေး ကွင်းပုံဧရိယာများအတိုင်း သတ်မှတ်စိုက်ထူ၍ ကျူးကျော်မှုများကို တားဆီးပေးရန် စသည့်အချက် များကို ဒေသခံပြည်သူများအကျိုးငှာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံးရဲ့ မေးမြန်းချက်အပေါ်မှာ ဒုတိယဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကျွန်တော် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ဇော်ဂျီဆည်ရေသောက်စနစ်ရှိ အင်းတွဲမြောင်းအဆုံး၌တည်ရှိသည့် စွန်ရဲကန်ကို ရှေးမြန်မာမင်းလက်ထက်ကတည်းက တူးဖော်သုံးစွဲခဲ့ပြီး လယ်မြေဧရိယာ ၃၃၀၀ ဧကကျော်ကို ရေပေးဝေလျက်ရှိပါတယ်။ စွန်ရဲကန်ဟာ နှစ်ကာလကြာမြင့်ပြီဖြစ်၍ ကန်တွင်း သဲနုန်း

ပို့ချမှုကြောင့် တိမ်ကောလာတဲ့အတွက် စွန်ရဲကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဇော်ဂျီဆည်ရေသောက်စနစ် အကြီးစားပြန်လည်ပြုပြင်ခြင်း ခေါင်းစဉ်အောက်မှ ဆောင်ရွက်ခဲ့ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေအရ လုပ်ငန်းတစ်ခုလုပ်၍ ၁၀ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ စွန်ရဲကန်ဟာ ရေဝေရေလဲဧရိယာ ၁၇.၄ စတုရန်းမိုင်ကျယ်ဝန်းပြီး ကန်အတွင်းသို့ ကျောက်ဆည်မြို့နယ် ခတ်တော်တောင်တန်းမှ အခြေခံသော တောင်လှချောင်းနှင့် အင်းတွဲမြောင်းတို့မှ ရေစီးဝင်လျက်ရှိပါတယ်။ လက်ရှိအခြေအနေတွင် ရေဝေရေလဲဧရိယာအားလုံး သည် စိုက်ပျိုးလျက်ရှိသော ယာမြေများဖြစ်ပြီး စဉ့်ကိုင်မြို့နယ် ရဲဘော်ကြီးကျေးရွာအုပ်စုရှိ တောင်သူ များသည် တောင်လှချောင်းရေတွင်ပါဝင်လာသည့် နုန်းအနည်များကို အဆိုပါယာမြေများပေါ်သို့ ဖြတ်သန်းစေပြီး မြေဆီ၊ မြေသြဇာ ရယူသုံးစွဲလျက်ရှိသည့်အတွက် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တောင်လှချောင်းအားတူးဖော်ခဲ့ရာ အဆိုပါရဲဘော်ကြီးကျေးရွာအုပ်စု တောင်သူလယ်သမားများမှ ချောင်းတူးဖော်မှုအား ကန့်ကွက်ခဲ့ကြပါတယ်။

သို့ပါ၍ စွန်ရဲကန် ရေဝေရေလဲ ဧရိယာသည် ယာမြေများဖြစ်သည့်အတွက် မြေနေရာလွတ် မရှိသဖြင့် နုန်းဖမ်းကာကွယ်တောများ စိုက်ပျိုးရန်အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဇော်ဂျီဆည်ရေသောက်စနစ် မင်းရဲမြောင်းအဆုံးတွင်ရှိသော မင်းလှကန်သည် လယ်မြေဧရိယာ ၁၆၀၀ ဧကခန့်အား စိုက်ပျိုးရေပေးဝေလျက်ရှိသော ကန်ဖြစ်ပါတယ်။ နှစ်ကာလကြာမြင့်ပြီး တိမ်ကောလျက်ရှိ သည့်အတွက် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကန်အတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါ တယ်။ ရန်ပုံငွေခွဲဝေရရှိမှုအရ လုပ်ငန်းတစ်ခုလုံး၏ ၂၃ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ မင်းလှကန်ဟာ ရေဝေရေလဲဧရိယာ ၄.၈၃ စတုရန်းမိုင်ကျယ်ဝန်းပြီး အရှေ့ဘက်တောင်တန်းများမှ မိုးရေများသည် မင်းရဲမြောင်းမှတစ်ဆင့် မင်းလှကန်အတွင်းသို့ စီးဝင်ပါတယ်။ စီးဝင်ရေပမာဏ အနည်းငယ်သာရှိပြီး ရေဝေရေလဲဧရိယာများတွင် နုန်းဖမ်းကာကွယ်တောများစိုက်ပျိုးရန် မြေဧရိယာ မရှိပါသဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

ကန်၏ရေလှောင်ပမာဏကို သိရှိနိုင်ရန်အတွက် ခေတ်မီတိုင်းတာရေးကိရိယာများဖြင့် ပြန်လည်တိုင်းတာရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ကန်နယ်နိမိတ်တိုင်းတာခြင်းကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးမှူးနှင့် စာရင်းအင်းဦးစီးဌာန တို့နှင့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ စွန်ရဲကန်နှင့် မင်းလှကန်တို့ ဆက်လက် တူးဖော်နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း

လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေ စိစစ်လျှော့ချရာတွင် ပါဝင်သွားသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ထပ်မံတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း နှင့် လတ်တလောတွင် ရန်ပုံငွေခွင့်ပြုချက်မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ရန်မရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မချမ်းဘောမြို့နယ် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေးအတွက် ကောင်းမှုလုံ-မန်နို-ပန်ဆတ်လမ်း (၉)မိုင်၊ မချမ်းဘော-ဘင်ချူးလမ်း (၁၂)မိုင်နှင့် မချမ်းဘော-ရှိန်ကိုင်ယန်လမ်း (၄)မိုင် စုစုပေါင်း (၂၅)မိုင် ကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအင်ဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘော မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း ဖြစ်ပါတယ်။ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်သည် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေ သောမြို့နယ်ဖြစ်ပါတယ်။ မြို့နယ်ချင်းဆက်လမ်းဖြစ်သောမချမ်းဘော-ပူတာအိုကားလမ်း၊ မချမ်းဘော-နောင်မွန်ကားလမ်းများကို အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်လျက်ရှိသော်လည်း မြို့နယ်အတွင်းရှိ ရွာချင်းဆက်လမ်းများ မကောင်းသေးသဖြင့် ပြည်သူလူထုသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ မေးခွန်း(၁) ကချင်ပြည်နယ်၊ မချမ်းဘော မြို့နယ် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကောင်းမှုလုံဘုရားမှ မန်နို-ပန်ဆတ်လမ်း ၉ မိုင်၊ မချမ်းဘော-ဘင်ချူးလမ်း ၁၂ မိုင်နှင့် မချမ်းဘော-ရှိန်ကိုင်ယန်လမ်း ၄ မိုင် စုစုပေါင်း ၂၅ မိုင်ကို နိုင်ငံတော်အစိုးရမှ တာဝန်ယူဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မေးခွန်း (၂) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ပေးနိုင်မည်ကို သိရှိလိုပါ ကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေဖို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်းရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအင်ဖုန်ဆန်းမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေး၍ မေးမြန်းသည့်အတွက် အထူးပင်ကျေးဇူးတင်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်အတွင်း ကောင်းမှူလုံ-မန်နို-ပန်ဆတ်လမ်းဟာ အရှည် ၉ မိုင်ရှိပါတယ်။ ဆိုင်ကယ်သွားလမ်းလည်းဖြစ်ပါတယ်။ နောက်တစ်ခါ မချမ်းဘော-ဘင်ခူးလမ်းဟာလည်း ၁၂ မိုင် အရှည်ရှိပါတယ်။ လက်ရှိလူသွားလမ်းဖြစ်ပါတယ်။ မချမ်းဘော-ရှိန်ကိုင်ယန်လမ်းဟာ အရှည် ၄ မိုင်ရှိပါတယ်။ ပျက်စီးနေသော မြေသားလမ်းဖြစ်ပြီးတော့ အိမ်ခြေ ၇၈၂ အိမ်၊ လူဦးရေ ၃၉၂၀ ဦး အကျိုးပြုပါတယ်။ အဆိုပါလမ်းများကို ဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေမှာ ကောင်းမှူလုံ-မန်နို-ပန်ဆက် ဆိုင်ကယ်လမ်းကို သဲကျောက်ခင်းလို့ရှိရင် ၉ မိုင်အတွက် ငွေကျပ် ၄၀၆.၈၈ သန်း ကုန်ကျပါမယ်။ မချမ်းဘော-ဘင်ခူးလူသွားလမ်းကို ဆိုင်ကယ်လမ်းဖောက်လုပ်မယ်ဆိုလို့ရှိရင် ၁၂ မိုင်အတွက် ငွေကျပ် ၇၄.၆၉ သန်း ကုန်ကျမှာဖြစ်ပါတယ်။ မချမ်းဘော-ရှိန်ကိုင်ယန် မြေသားလမ်းပျက်စီးခြင်းအား မြေသားတာဘောင်တင်ဖို့ပြီးတော့ ၄ မိုင်အတွက် ငွေကျပ် ၁၈၂.၆၆ သန်း ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ငွေကျပ် ၆၆၄.၂၃၀ သန်းခန့် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်ခင်ဗျား။

ကချင်ပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ၂၅၉၇.၄၃၄ သန်းဖြစ်ပါတယ်။ အဲဒီလမ်းတံတားအကျယ်ကတော့ ကျောက်ချောလမ်း ၂၀ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၃၃ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၇၃၄ ပေ၊ ရေကျော် ၄၀၀ ပေနှင့် Box Culvert ၃၀ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါတယ်။ မချမ်းဘောမြို့နယ်အတွင်းမှာ ယခုဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားတဲ့ ရန်ပုံငွေကတော့ ၂၀၁၅-၂၀၁၆

ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ၂၅.၅၇၃ သန်းကို ကြိုးတံတား ၂၅၀ ပေအား ဆောင်ရွက်ရန်ခွင့်ပြုထားသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားသော မချမ်းဘောမြို့နယ်၊ ကောင်းမှုလုံ-မန်နို-ပန်ဆတ်လမ်း၊ မချမ်းဘော-ဘင်ခူးလမ်း၊ မချမ်းဘော-ရှိန်ကိုင်ယန်လမ်းတို့ကို ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားခြင်းမရှိသေးပါကြောင်းနှင့် ယခုနှစ်အတွက် ဘဏ္ဍာငွေရရှိခြင်းမရှိသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်ကြောင်းသည် တစ်နှစ်ထက်တစ်နှစ် မြစ်ကြောင်းကောက်လာပြီး ကုန်တင်မော်တော်ယာဉ်များ သွားလာရာ၌ အခက်အခဲကြုံတွေ့နေရပါသဖြင့် ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးနှင့်ပတ်သက်၍ မည်သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးက ၁၁ မြို့နယ်၊ ချင်းပြည်နယ်က ၅ မြို့နယ်ဟာ ချင်းတွင်းမြစ်ကို အားကိုးအားထားပြုပြီးတော့ တည်ဆောက်ရေးပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်ပေးလျက်ရှိပါတယ်။ သို့ရာတွင် ချင်းတွင်းမြစ်ရေဟာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာပြီး မြစ်ကြောင်းကောက်ခြင်း၊ ကျဉ်းခြင်း၊ သောင်ထွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ လူစီးမော်တော်ယာဉ်တွေဟာ လူတွေကိုတင်သွားပြီး သောင်ထွန်းတဲ့နေရာကျတော့ လူတွေကိုဆင်းလျှောက်ခိုင်းပါတယ်။ ပြီးမှရေကြောင်းကောင်းတဲ့နေရာကနေ ဆက်တင်သွားတယ်။ ကျဉ်းတဲ့နေရာကျတော့လည်း ဆင်းလျှောက်ခိုင်းပါတယ်။ ထို့နည်းတူပဲ ကုန်ပစ္စည်းတင်တဲ့နေရာတွေမှာလည်း မော်တော်အသေးတွေနဲ့ အဆင့်ဆင့်ကဲ့ပြီးတော့ တင်ပို့နေရတဲ့အတွက် အချိန်ဟာမကြာမြင့်သင့်ဘဲ ပိုပြီးတော့ကြာမြင့်နေရပါတယ်။ ဒါဟာ ချင်းတွင်းမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းဖို့လိုအပ်ခြင်းအပေါ်မှာ ဖြစ်ပေါ်နေတဲ့ အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့ ချင်းတွင်းမြစ်ကြီးကို ပြုပြင်ထိန်းသိမ်းဖို့ ဘယ်လိုများစီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ မေးခွန်းဖြစ်တဲ့ ချင်းတွင်းမြစ်ကြောင်း ထိန်းသိမ်းရေးနဲ့ ပတ်သက်တဲ့မေးခွန်းကို ကျွန်တော်က ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ဟာဆိုလို့ရှိရင် ဧရာဝတီမြစ်ရဲ့ အကြီးဆုံးနှင့်အရေးပါဆုံး မြစ်လက်တက်တစ်ခုဖြစ်ပြီးတော့ ဟူးကောင်းတောင်ကြားသို့ မစီးဝင်မီ တနိုင်းခမြစ်အမည်ဖြင့် စတင် စီးဆင်းလာတဲ့ မြစ်တစ်စင်းဖြစ်ပါတယ်။ ချင်းတွင်းမြစ်ဟာ သစ်တောပေါက်ရောက်သော တောင်တန်း ဒေသနှင့် မြေပြန့်လွင်ပြင်ကို ဖြတ်သန်းစီးဆင်းပြီးတော့ ရေသောက်ဧရိယာ ၁၂၄၃၂၀ စတုရန်း ကီလိုမီတာ ရှိပါတယ်။ ချင်းတွင်းမြစ်အပါအဝင် ဧရာဝတီမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က ငွေကြေးအထောက်အပံ့ဖြင့် ကမ္ဘာ့ဘဏ်မှအမှုဆောင် အေဂျင်စီအဖြစ် ဆောင်ရွက်ပြီးတော့ ရေလမ်းထိန်းသိမ်းရေးညွှန်ကြားမှုဦးစီးဌာန(ယခု ရေအရင်းအမြစ်နှင့်မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)နှင့် နယ်သာလန်နိုင်ငံ Royal Haskoning အတိုင်ပင်ခံကုမ္ပဏီတို့ ပူးပေါင်းပြီးတော့ ရေကြောင်းသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုတစ်ရပ်ကို ၁၉၈၆ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလေ့လာမှုမှတစ်ဆင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အောက်ပိုင်း ရေလမ်းဖွံ့ဖြိုးရေးပင်မစီမံချက်တစ်ရပ်ကို ၁၉၈၇ ခုနှစ်မှာ ရေးဆွဲခဲ့ပြီးတော့ နှစ်အလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မှာမူတည်ပြီး ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

ပြောင်းလဲလာတဲ့ ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေအသစ်ပေါ် မူတည်ပြီးတော့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများ ပင်မစီမံချက်နှင့် ချင်းတွင်းမြစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပင်မစီမံချက်ကို ၂၀၁၁ ခုနှစ်မှာ အသစ်ထပ်မံရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ အသစ်ထပ်မံရေးဆွဲခဲ့တဲ့ ချင်းတွင်းမြစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ပင်မစီမံချက်အတိုင်း နှစ်အလိုက်ရရှိတဲ့ ဘဏ္ဍာငွေအပေါ် မူတည်ပြီးတော့ ဦးစားပေးရေလမ်းကြောင်းအလိုက် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မြစ်ဆုံ-မုံရွာ ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ၂၀၁၁-၂၀၁၂

ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ရေကာအလျား ၆၈၄၈ ပေ စုစုပေါင်းကျပ် ၃၁၄.၀၂၂ သန်းကို သုံးစွဲခဲ့ပါတယ်။ မုံရွာ-မော်လိုက် ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ရေကာအလျား ၁၆၂၈၀ ပေ၊ သောင်တူးလုပ်ငန်း ၆၂၇၉၈၉ ကုဗမီတာနဲ့ သဲစုပ်သောင်တူးလုပ်ငန်း ၁၆၆၂၅ ပေ အတွက် စုစုပေါင်း ကျပ် ၁၂၉၄.၉၂၀၅ သန်း သုံးစွဲခဲ့ပါတယ်။ မော်လိုက်-ခန္တီး ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ၇၇၈ ပေနဲ့ သဲစုပ်သောင်တူး လုပ်ငန်း ၅၅၀ မီတာအတွက် စုစုပေါင်း ကျပ် ၇၉.၄၃ သန်းသုံးစွဲခဲ့ပြီးတော့ ရေပေါ်အမှတ်အသား ၅၆၁၀ ခုနှင့် ကမ်းပေါ်အမှတ်အသား ၄၄၇၂ ခုတို့ကို ပြည်ထောင်စုသာမန်ရန်ပုံငွေဖြင့် ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တံစုန်းခုတုံးရေ ၁၇၅ ခုကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ချင်းတွင်းမြစ်ရေလမ်း ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် ချင်းတွင်း၀-မုံရွာ ရေလမ်းပိုင်း ကောင်းမွန်ရေး၊ မျောတိုင်တန်း ကျောက်ဖြည့်ရေကာအလျား ၂၅၀ မီတာ၊ မျောတိုင်တန်း ကျောက်ဖြည့် ရေလွှဲရေကာ အလျား ၁၀၀ မီတာနှင့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ထို့အပြင် မုံရွာ-မင်းကင်းရေလမ်းပိုင်းကောင်းမွန်ရေး မျောတိုင်တန်းကျောက်ဖြည့်ရေကာ ၃၀၀ မီတာ၊ မင်းကင်း -မော်လိုက် ရေလမ်းပိုင်းကောင်းမွန်ရေး မျောတိုင်တန်းကျောက်ဖြည့်ရေကာ အလျား ၁၂၀ မီတာ ဆောင်ရွက်ရန်လျာထားပြီးတော့ အရေးပေါ်ရေလမ်းပြုပြင်ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေ ကျပ်သန်းပေါင်း ၂၆.၈ သန်း လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ချင်းတွင်းမြစ်တစ်လျှောက် ရေကြောင်းကြပ်တည်းမှု ဖြစ်ပေါ်လေ့ရှိတဲ့ ခန္တီးရေလမ်း၊ ဟုမ္မလင်းရေလမ်း၊ နတ်စက်ရေလမ်း၊ ရှားပင် ရေလမ်းနှင့် မဲဒင်ရေလမ်းများမှာ ရေလမ်းကြောင်းကောင်းမွန်ရေးအစီအမံများ ဆောင်ရွက်နိုင်ရေး အတွက် ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေ တင်ပြတောင်းခံသွားရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု ဒုတိယဝန်ကြီးကနေပြီးတော့ မြစ်ကြောင်းထိန်းသိမ်းနေမှုနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြား ပေးသွားတဲ့အတွက်ကြောင့်မို့ ပြည်သူလူထုရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ သို့ရာတွင် ကျွန်တော်တို့ အဓိကရေလမ်းကြောင်း ပြုပြင်ရမယ့် အနေအထားလေးကတော့ ကနီမြို့နယ်မှာဆိုရင် မဲဒင်မမြစ် ကျေးရွာ၊ မင်းကင်းမြို့နယ်မှာဆိုရင် မတော့လက်ပံ၊ မော်လိုက် မြို့နယ်မှာဆိုရင် ကင်းတပ်၊ ရှားပင်၊ ရိုးလ၊ နတ်မော်၊ နတ်မော်လိုက်၊ ခဲဝဲကျေးရွာ၊ ဖောင်းပြင်မြို့နယ်မှာဆိုရင် နတ်စက်ကျေးရွာ၊ ဟုမ္မလင်း

မြို့နယ်မှာဆိုရင် မုန်းကင်းလိပ်၊ ထုန်မှာကြဲ၊ ကောရနောင်ပင်၊ မိုင်းဝယ်၊ နန်းဝိထိ၊ ရပ်ဖ၊ ခန္တီးမြို့နယ်မှာ ဆိုလို့ရှိရင် ကောင်းဟိန်၊ အနောက်ကော့တောင်း၊ ကောင်းမြတ်၊ ရွှေကျက်ကိတ်၊ ငုတ်တစ်ထောင်၊ ကတို့ကြီး၊ ဆင်သေကျေးရွာနဲ့ ခန္တီးကြားမှာနှစ်စဉ် ရေကြောင်းကြပ်ခြင်းနဲ့ ကြုံတွေ့နေရပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ဦးစားပေးပြီးတော့ ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်မည်ဖြစ်ကြောင်း တင်ပြလို ပါတယ်။ နောက်တစ်ချက်အနေနဲ့တော့ ကျွန်တော်တို့ ဒီမြစ်ကြောင်းထိန်းသိမ်းတဲ့နေရာမှာ ဝန်ကြီးဌာန တစ်ခုတည်းနဲ့လုပ်မယ့်အစား သွားလာနေတဲ့ မော်တော်တွေ၊ ကုန်တင်အမြန်ယာဉ်တွေ ဘယ်လိုပုံစံနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်ရင်ရမလဲ၊ သူတို့တွေ အနေနဲ့လည်း ဒီရေကြောင်းထိန်းသိမ်းရေးနဲ့ ပတ်သက် လို့ တစ်ထောင့်တစ်နေရာက ပါဝင်ချင်ပါတယ်ဆိုတဲ့ အကြံပြုချက်တွေလည်းရှိပါတယ်။ ဒါတွေကို ဝန်ကြီးဌာနအနေနဲ့ မည်သို့စီမံဆောင်ရွက်ပေးမည်ကိုလည်း သိရှိလိုပါတယ်။ လေးစားစွာ မေးမြန်း အပ်ပါတယ်။

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)** ။ ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်း ထပ်ဖြည့်တင်ပြသွားတာနဲ့ပတ်သက်လို့ အသေးစိတ်ကလေးပါ တင်ပြသွား တဲ့အတွက်ကြောင့်မို့လို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီရေလမ်းထိန်းသိမ်းတဲ့နေရာမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်တာရှိသလို အချို့အပိုင်းတွေက တိုင်းဒေသကြီးအစိုးရရဲ့ အစီအမံနဲ့ဆောင်ရွက်တာလည်းရှိပါတယ်။ ယခုသက်ဆိုင်ရာ ကျွန်တော်တို့ ဝန်ကြီးဌာနတင်မကဘဲနဲ့ သွားလာနေတဲ့ ရေယာဉ်များမှလည်း ပါဝင်ဆောင်ရွက်ဖို့ ကိစ္စများနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (ဃ)အရ ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်

ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းတင်သွင်းဖို့ ဥပဒေကြမ်း ပူးပေါင်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ)။** ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယ ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေး တိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ ကြမ်းပူးပေါင်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဤဥပဒေကြမ်းကို တင်သွင်း ရခြင်းမှာ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဟာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၅/၂၀၁၅)ဖြင့် ၂၅-၆-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီကတင်သွင်းသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် လိုက်လျောညီထွေမှုဖြစ်စေရန် ဤဥပဒေကို ပြင်ဆင်တင်သွင်းရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ လက်ခံဆွေးနွေးအတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

## ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီက ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၅/၂၀၁၅)ဖြင့် ၂၅-၆-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၇-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ဤပြင်ဆင်သည့်ဥပဒေကြမ်းကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် သဘောတူခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၄-၇-၂၀၁၅ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၁၅-၇-၂၀၁၅ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးနှင့် တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့်တို့က အချက်(၂)ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရန်အတွက် တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းအချက်နှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ အပိုဒ် ၂ နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ

ကြမ်းနှင့်ပတ်သက်၍ ဥပဒေကြမ်း၏ အခန်း(၁) အပိုဒ် ၂ အား အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြု ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၂ နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ တပ်မတော်သား ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့်ကို ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်(ကြည်း- ၂၁၃၃၈) ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း အပိုဒ် ၂ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်ကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့မှာပါရှိတဲ့ ရွေးကောက် ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း ဆိုတဲ့စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုသည်ကို တွေ့ရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်အများစုဟာ သက်ဆိုင်ရာပါတီအသီး သီးရဲ့ ရွေးကောက်ခံကိုယ်စားလှယ်များထဲမှသာဖြစ်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူ အတည်ပြုခွင့်ပြုချက်ဖြင့်သာ နိုင်ငံ့တာဝန်တွေကို ထမ်းဆောင်နေကြရခြင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မည်သည့်ပါတီအနိုင်ရရှိသည်ဖြစ်စေ ဥပဒေ နှင့်အညီ အစိုးရဖွဲ့ပြီးတော့ နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်ကြရမှာသာဖြစ်တာမို့ ရေရှည်ကို မျှော်တွေး ကြည့်လိုက်မယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ပါတီစည်းရုံးရေးလုပ်ငန်း တွေကို မဲဆွယ်စည်းရုံးရေးပြုလုပ်ရမယ့်အချိန်မှာ ပါတီရဲ့ Image တွေကို အသုံးမပြုရခြင်းကြောင့် အခွင့်အရေးနဲ့ အခွင့်အလမ်းတွေ ဆုံးရှုံးမယ့်ဖြစ်စဉ်တွေဟာ နိုင်ငံဖွံ့ဖြိုးရေးအတွက်ကို သားကောင်း တစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ ဆုံးရှုံးရခြင်းမျိုးကြုံတွေ့ရလာနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ ဘာလို့လဲဆိုတော့ မည်သည့်ပါတီ၊ ဒေသ၊ အဖွဲ့အစည်းနဲ့မဆို နိုင်ငံ့အကျိုးကို ဖော်ဆောင်နိုင်တဲ့ စိတ်ရင်းစေတနာမှန်နဲ့ နိုင်ငံ့သားကောင်း၊ လူကောင်းလူတော်များဟာ အနည်းနဲ့

အများ သေချာပေါက်ရှိနေနိုင်တဲ့အတွက်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပါတီနဲ့အတူ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ခွဲခြားမရနိုင်တဲ့၊ လက်တွေ့ကျတဲ့ သဘာဝတရားတစ်ခုဖြစ်နေတယ်လို့လည်း ယူဆမိပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)မှာ နိုင်ငံသားတိုင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင်လည်း ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများနှင့် နယ်မြေစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့ဝင်များအနေနဲ့ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းချက်ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုသာ တစ်စိုက်မတ်မတ်ဦးတည်ဆောင်ရွက်နိုင်ဖို့အတွက် ရည်ရွယ်ချက်ကောင်းနှင့် ပြဋ္ဌာန်းထားရှိတဲ့ ဥပဒေဖြစ်ပြီးတော့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် ပိတ်ပင်ထားချက်တစ်စုံတစ်ရာ မရှိတာကိုတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းမှာပါရှိတဲ့ ပါတီဆိုသည့်စကားရပ်အား ပယ်ဖျက်ပြီး ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ပြင်ဆင်မှုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်း တန်းတူညီမျှမှုရှိရမည့်အခွင့်အရေးကို ကန့်ကွက်ပိတ်ပင်မှုဖြစ်ပေါ်စေခြင်းဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်လာမည်ကို စိုးရိမ်မိပါသောကြောင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းလုံးညီညွတ်ခြင်းများဖြင့်သာ မည်သည့်အရာမဆို အောင်မြင်နိုင်မည်ဟု ယုံကြည်ထားပါ၍ အမျိုးသားလွှတ်တော်၏ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့အား ပြင်ဆင်ခြင်းမပြုဘဲ မူလအတိုင်းထားရှိသင့်ပါကြောင်း အတည်ပြုချက်အား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထား ပြောပါခင်ဗျား။

**ဒေါက်တာထွန်းရှင်(ရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော်ပြည်ထောင်စုရှေ့နေချုပ်ကနေပြီးတော့ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ

အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းမှာ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ) တို့မှာပါတဲ့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းနှင့်စပ်လျဉ်းပြီး ၂၆-၆-၂၀၁၅ ရက် နေ့တွင် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့မှာ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦး ဆွေးနွေးခဲ့သည့်အတိုင်း ဤလွှတ်တော်မှာ ဆက်လက်ရပ်တည်လျက် ဤဥပဒေရဲ့ပုဒ်မနှစ်ခုနဲ့စပ်လျဉ်းလို့ အစားထိုးပြင်ဆင်ရန် မသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၂ နဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ဒုတိယဗိုလ်မှူးကြီး ဇော်ဇော်မြင့်တို့ကနေ အဆိုတင် သွင်းထားကြတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုကို မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့အဆို အတည်ဖြစ်ပါ မယ်။ ဥပဒေကြမ်းကော်မတီရဲ့အဆိုကို ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့်ရဲ့ အဆို အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြုပြီး မဲခွဲဆုံးဖြတ် သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်ကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၁၇၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၂၈ မဲ၊ ကြားနေဆန္ဒမဲ ၁၀ မဲ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းရဲ့အပိုဒ် ၂ သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၃ နဲ့စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် မှ ဒေါ်တင်နွယ်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)**။ ။ လေးစားရသော ဒုတိယဥက္ကဋ္ဌကြီး ရှင့်။ ကျွန်မကတော့ အမှတ်စဉ် ၂ အပိုဒ် ၃ ပြင်ဆင်ချက်ကို တင်ပြမှာဖြစ်ပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၅ ရဲ့နောက်မှာ ပုဒ်မ ၅၅ ပုဒ်မခွဲ(က)ကို ပြင်ဆင်ဖြည့်စွက်ရန် ဖြစ်ပါတယ်။ တစ်နည်း အားဖြင့်ဆိုလို့ရှိရင် ဒီလွှတ်တော်သက်တမ်းကိစ္စကို နည်းနည်းရှင်းပြမှုရမယ်လို့ ထင်ပါတယ်။

**မူကြမ်း**

အဲဒီတော့ လွှတ်တော်သက်တမ်းက ကျွန်မတို့က အခု ရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်မှာ လုပ်မယ်ဆိုတဲ့ အခါကျတော့ ရွေးကောက်ပွဲမှာအရွေးခံရတဲ့ အမတ်အသစ်များ၊ လွှတ်တော်အသစ်များ သည် အစောဆုံး $1^{st}$ February မှာမှ စတင်ကျင်းပနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ အခု ပြီးတော့မယ့် လွှတ်တော် သက်တမ်းကဆိုရင် $31^{st}$ January 2016 မှာပြီးမယ်ဆိုတဲ့အတွက်ကြောင့် အစောတကော့ အစော ဆုံးသည် $1^{st}$ February မှ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာဆိုရင် အုပ်ချုပ်ပိုင်းမှာရှိတဲ့ ဒီဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဟာဆိုလို့ရှိရင် သူရဲ့သက်တမ်းက $1^{st}$ April ကျမှ ကုန်ဆုံးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကာလနှစ်ခုကြားမှာဆိုလို့ရှိရင် အချိန်နှစ်လတိတိရပါသေးတယ်။ အဲဒီတော့ နမူနာအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ၁၉၅၈ ခုနှစ်၊ Caretaker Government လက်ထက်၊ စစ်အစိုးရ လက်ထက်မှာတုန်းက ခြောက်လနေရင် ရွေးကောက်ပွဲလုပ်ပေးမယ်ဆိုပြီးတော့ ကြော်ငြာခဲ့ ပြီးတော့ ဘယ်နေ့မှာရွေးကောက်ပွဲလုပ်လဲဆိုရင် $6^{th}$ February မှာ ရွေးကောက်ပွဲတွေလုပ်ခဲ့ပါတယ်။ $29^{th}$ February မှာရွေးကောက်ပွဲစာရင်းတွေကြော်ငြာပါတယ်။ $29^{th}$ February မှာ ကြော်ငြာ ပေမယ့်လည်း ဒီအုပ်ချုပ်ရေးအာဏာက $1^{st}$ April မှာလွှဲတာပါ။ အဲဒီတော့ ဘတ်ဂျက်ကာလကျတော့ $1^{st}$ October ကနေပြီးတော့ $30^{th}$ September ဘတ်ဂျက်ကာလဖြစ်ပါတယ်။ အဲဒီတော့ $1^{st}$ October ကနေ ပြီးတော့ $30^{th}$ September ဘတ်ဂျက်ကာလမှာ ဒီ $1^{st}$ October to end of March က ခြောက်လ ရှိပါတယ်။ $1^{st}$ April to end of September အထိက ခြောက်လရှိပါတယ်။ အဲဒီတော့ ပထမဘတ်ဂျက်ကာလ ခြောက်လပြီးတော့ ဒုတိယဘတ်ဂျက်ကာလ အစ $1^{st}$ April မှာ စပြီးတော့ ပိုက်ဆံတွေကို သုံးတဲ့အခါမှာ အမိန့်နဲ့ယာယီအသုံးစရိတ်ကို သာမန်အားဖြင့် သာမန်အသုံး စရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်နှစ်ခုမှာ သာမန်အသုံးစရိတ်ကို ယာယီအနေနဲ့ အမိန့်ထုတ်ပြီးတော့ ခေတ္တသုံးတာကိုတောင် အဲဒီတုန်းက တရားသူကြီးချုပ် ဒေါက်တာမောင်မောင် ကပြောခဲ့ပါတယ်။ ဒီဥစ္စာက လွှတ်တော်မတင်ရဘဲနဲ့ ဘာကြောင့်သုံးသလဲဆိုတဲ့ မေးခွန်းမေးခဲ့ဖူးပါတယ်။ အခု ကျွန်မတို့က ကြားမှာက အနည်းဆုံးနှစ်လ အချိန်ရှိတဲ့အတွက်ကြောင့်မို့လို့ ဒီလွှတ်တော် ဘတ်ဂျက် တွေကဆိုလို့ရှိရင် ကျွန်မတို့က $1^{st}$ April ကနေပြီးတော့ $31^{st}$ March မှာ ဆုံးတဲ့အတွက်ကြောင့်မို့လို့ ဒီဘတ်ဂျက်အစကို မတိုင်ခင်မီအတွက်ကြောင့်မို့လို့ လွှတ်တော်အသစ်နဲ့ လွှတ်တော်အမတ်အသစ် တွေက အဲဒီအချိန်မှာ ရှိနေပြီးသားဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က အဲဒီအချိန်မှာ အသင့် ရှိနေသေးတာဖြစ်ပါတယ်။ သူတို့က $1^{st}$ April မှာ hand-over ဖြစ်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒီနှစ်လ အတောအတွင်းမှာ ဘတ်ဂျက်အသစ်နဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်းအသစ်၊ ပြည်ထောင်စုရဲ့

အခွန်အကောက်ဥပဒေကြမ်းတို့ကို ဒီလွှတ်တော်အသစ်နဲ့အမတ်အသစ်တွေက ပြည်ထောင်စုအစိုးရအဖွဲ့အဟောင်းနဲ့ အတည်ပြုရေးဆွဲပြီးတော့ သုံးစွဲရမှာဖြစ်ကြောင်း ပြင်ဆင်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခုအပိုဒ် ၃ နဲ့စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးကို ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တက်ရောက်ကြသူများအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ပြင်ဆင်ချက်တင်ထားပါတယ်။ ကျွန်တော်တို့ ဒီမှာကြည့်မယ်ဆိုလို့ရှိရင် ဒီပထမဦးစွာတင်ထားတဲ့ ပြည်သူ့လွှတ်တော်အဆိုပြုချက်မှာ ဥပဒေကြမ်းတို့ကိုရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူရ၍ဆိုတာ အသစ်ဖွဲ့စည်းမည့်ပြည်ထောင်စု အစိုးရအဖွဲ့ဆိုတာ မရှိနိုင်ပါဘူး။ နိုင်ငံတစ်ခုဟာ အချိန်တစ်ချိန်မှာ လွှတ်တော်တစ်ခုပဲရှိရမယ်။ အစိုးရတစ်ဖွဲ့ပဲ ရှိရမှာဖြစ်ပါတယ်။ ဒါဟာ International Practice ပါ။ ရိုးရိုးစဉ်းစားကြည့်လည်းပဲ ဒါဟာ ရှင်းပါတယ်။ အစိုးရနှစ်ခုရှိလို့မရပါဘူး။ လွှတ်တော်နှစ်ခုရှိလို့မရပါဘူး။ ဒါကြောင့်မို့လို့ အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့သဘောထားကို ဘာမှရယူစရာမလိုပါဘူးဆိုတာကို တွေ့ရတဲ့အတွက် ပထမပြည်သူ့လွှတ်တော်က တင်တဲ့ဟာကိုပဲ ကျွန်တော့်အနေနဲ့ ပယ်ဖျက်ဖို့ဖြစ်ပါတယ်။ နောက် အမျိုးသားလွှတ်တော်ကပြင်ဆင်တာကျတော့ အသစ်ဖွဲ့စည်းမည့်ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြု၍တဲ့ အသစ်တောင်မဖွဲ့စည်းရသေးဘူး။ ဒါကို သွားပြီးတော့အတည်ပြုရမယ်ဆိုတော့ အစိုးရအဖွဲ့နှစ်ဖွဲ့ရှိလို့မရပါဘူး။ လွှတ်တော်လည်းနှစ်ခုရှိလို့မရပါဘူး။ ဘယ်နိုင်ငံမှာမှ ဒါမျိုးမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီဟာကလည်းပဲ ကျွန်တော်တို့ ပယ်ဖျက်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနှစ်ခုလုံးကို ပယ်ဖျက်ပြီးတော့ ဒီအပိုဒ်ကလိုကို မလိုပါဘူး။ ပယ်ကိုပယ်ဖျက်ရပါမယ်ဆိုတာကို ကျွန်တော်ဆက်ပြီးတော့ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာဘတ်ဂျက်ကို အတည်ပြုတယ်ဆိုတာ လွှတ်တော်တွေဟာ ဘတ်ဂျက်ကို လုံလောက်တဲ့အချိန် စိစစ်နိုင်အောင်ဆိုပြီးတော့ ဘယ်အချိန်မှာ အစိုးရအဖွဲ့ဟာ ဘတ်ဂျက်ကိုတင်ရမယ်ဆိုတာ နိုင်ငံတကာမှာသတ်မှတ်ထားတာတွေ အကုန်လုံးရှိပါတယ်။ အထူးသဖြင့် သမ္မတစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာ

ဆိုလို့ရှိရင် ပိုပြီးတော့ အချိန်ယူပြီးတော့ သတ်မှတ်ထားတာရှိပါတယ်။ On or before ဆိုပြီးတော့ လုပ်ထားတာတွေရှိပါတယ်။ ဒါ အမေရိကန်နိုင်ငံရဲ့ ဘတ်ဂျက်ဥပဒေ ၁၉၇၄ ခုနှစ် ဖြစ်ပါတယ်။ လက်ရှိ ဒီတိုင်းပဲ သူတို့က လုပ်ပါတယ်။ သမ္မတဟာ 1st Monday in February on or before ။ ဒီ 1st Monday in February ရဲ့နေ့ သို့မဟုတ် မတိုင်ခင်မှာတင်ရမယ်လို့ ရေးထားပါတယ်။ နောက်ကျပြီးမှ တင်လို့မရပါဘူး။ ဒါဟာ ဥပဒေတစ်ရပ်နဲ့ထုတ်ထားတာဖြစ်ပါတယ်။ ဒါ နိုင်ငံတိုင်းမှာရှိပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်း လာအိုနိုင်ငံမှာကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ Assembly မစခင် ၁၅ ရက် ကြိုပြီးတော့ တင်ရမယ်ဆိုပြီးတော့ရင် သူက ဥပဒေပြဋ္ဌာန်းထားပါတယ်။ Assembly က ဘယ်တော့ စမယ်ဆိုတာ အပိုဒ်မှာရှိပါတယ်။ ဒါက ကျွန်တော်တို့ ကမ္ဘောဒီးယားပါ။ ကမ္ဘောဒီးယားမှာ လည်းပဲ First week of November မှာတင်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒီနောက်ကျပြီးတော့ တင်လို့ မရပါဘူး။ ဒါက ဖိလစ်ပိုင်ပါ။ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင်တော့ Constitution မှာကို ထည့်ပြီးတော့ ဆွဲထားပါတယ်။ ဒီဥစ္စာက ဘယ်တော့မှာတင်ရမယ်ဆိုတဲ့ဟာ 30 days from the opening of every regular section။ Regular section ဟာ ဘယ်တော့စရမယ်ဆိုတာလည်း သူက Constitution မှာပါပါတယ်။ ဒီလိုမျိုးရက်တွေကို သတ်မှတ်ထားပြီးတော့ အဲဒီသတ်မှတ်တဲ့ရက် မတိုင်ခင်မှာတင်ရ တာတွေဖြစ်ပါတယ်။ ဒါက အင်ဒိုနီးရှားနိုင်ငံပါ။ အင်ဒိုနီးရှားနိုင်ငံမှာဆိုလို့ရှိရင် August မှာတင်ရမယ်။ သူရဲ့ဘတ်ဂျက်နှစ်က ဇန်နဝါရီ ၁ ရက်နေ့မှစတယ်။ အဲဒါကို August မှာ တင်ရမယ်လို့ရေးထားပြီးတော့ ဒီတိုင်းပဲလုပ်ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်းပဲ မကြာခင်ကမှ ဥပဒေဖြစ်သွားတဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၂)မှာ ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်ခင် လွှတ်တော်ကို အစိုးရအဖွဲ့က တင်ရမယ်လို့ ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ၁၅ ရက် နောက်ပိုင်းမှာ တင်လို့မရပါဘူး။ ဒါကြောင့်မို့လို့ နောက် ဒီလွှတ်တော်တို့၊ နောက်အစိုးရတို့ဆိုတာ မရှိပါဘူး။ လက်ရှိအစိုးရက ကျွန်တော်တို့ လွှတ်တော်ကို ဇန်နဝါရီလ ၁၅ ရက်နေ့ မတိုင်ခင်မှာ တင်ရမယ်ဆိုတာဟာ ထင်ရှားပါတယ်။ ဒါက ကျွန်တော်တို့ ရွေးကောက်ပွဲနှစ်တွေမှာ နိုင်ငံတွေမှာ ဘယ်လိုလုပ်သလဲဆိုတာ။ အဲဒီတော့ ရွေးကောက်ပွဲနှစ်တွေမှာဆိုလို့ရှိရင်တော့ အကြမ်းဖျင်းပြောရ ရင်တော့ ဘတ်ဂျက်ကို နှစ်ခါတင်လေ့ရှိပါတယ်။ ဒီ Outgoing Government နဲ့ Outgoing Parliament ဟာ သူရဲ့ ကာလအတွင်းမှာ ဘတ်ဂျက်ကို အတည်ပြုပြီးတဲ့အခါမှာ နောက်အသစ် ဖွဲ့စည်းတဲ့ အစိုးရတို့၊ နောက်အသစ်ဖွဲ့စည်းတဲ့ လွှတ်တော်တို့က ဒါကို Review လုပ်လေ့ရှိပါတယ်။ ဒါဟာ International Practice ပါ။ ဘယ်နိုင်ငံကိုပဲ ကြည့်ကြည့် ဒီတိုင်းပဲလုပ်ပါတယ်။

ကျွန်တော်တို့က ဒီမှာလာပြီးတော့ ရှုပ်ထွေးပြီးတော့ ဒီလွှတ်တော်က နောက်အစိုးရကကြည့်၊ ဒီအစိုးရက နောက်လွှတ်တော်ကိုတင်။ အဲဒီလို ရှုပ်တာမဟုတ်ပါဘူး။ ကျွန်တော်တို့လွှတ်တော်ဟာ ကျွန်တော်တို့ရဲ့ သက်တမ်းမကုန်ခင်မှာ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ကို အတည်ပြုသွားရမှာဖြစ်ပြီးတော့ နောက်အစိုးရဟာ သူသင့်တော်တဲ့အချိန်မှာ သူကဒါကို Review လုပ်ပြီးတော့ရင် ဒါပြင်ဆင်လို့ရပါတယ်။ ဒါဟာ အစိုးရတွေ၊ လွှတ်တော်တွေက သူ့ကာလနဲ့သူ Sovereignty အပြည့်ရှိပြီးသား ဖြစ်ပါတယ်။ ရှေ့နဲ့နောက်နဲ့ကို ဆက်စပ်ပြီးတော့ အတည်ပြုလာတာတို့၊ သဘောထားရယူတာတို့ဆိုတာ မရှိပါဘူး။ အဲဒီတော့ ဒါဟာ စောစောက ကျွန်တော်ပြောတဲ့ဟာပါ။ အစိုးရဟောင်းက သတ်မှတ်ရက်မတိုင်ခင်မှာ လွှတ်တော်ကို တင်မယ်။ လွှတ်တော်က အတည်ပြုမယ်။ အစိုးရသစ်ဟာ သင့်တော်မယ့်ရက်မှာ ဘတ်ဂျက်ကိုပြန်ပြီး Review လုပ်ပြီးသွားရင်တင်မယ်။ လွှတ်တော်အသစ်က အတည်ပြုမယ်။ အဲဒီလိုလုပ်ရမှာဖြစ်ပါတယ်။ ဒါ အမေရိကန်နိုင်ငံမှာပါ။ Geoge W.Bush နဲ့ Obamaနဲ့ ပြောင်းတဲ့ရွေးကောက်ပွဲကို ပြောထားတာပါ။ အမေရိကန်နိုင်ငံရဲ့ဘတ်ဂျက်နှစ်က အောက်တိုဘာလ ၁ ရက်နေ့မှာ စပါတယ်။ ဒါပေမဲ့လို့ ဖေဖော်ဝါရီလမှာ ဘတ်ဂျက်ကို တင်ရပါတယ်။ သမ္မတစနစ်ကို သူက တိတိကျကျကျင့်သုံးတဲ့အတွက် ရှစ်လလောက် ကြိုပြီးတင်ရပါတယ်။ ဒါဟာ အမြဲတမ်းတင်ရတာပါ။ ရွေးကောက်ပွဲလုပ်လုပ် မလုပ်လုပ် ဖေဖော်ဝါရီလမှာ ဘတ်ဂျက်ကိုတင်ရတာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံက ကျွန်တော်တို့နဲ့ခပ်ဆင်ဆင်လေးတူပါတယ်။ အတိအကျတော့ မတူပါဘူး။ သူကလည်း ဒီတိုင်းပါပဲ။ ကျွန်တော်တို့နဲ့ ဧပြီ ၁ ရက် နေ့မှာ ဘတ်ဂျက်ကို စပါတယ်။ ဖေဖော်ဝါရီလမှာ အမြဲတမ်း Last Walking day of February မှာ သူက ဘတ်ဂျက်ကို တင်ရပါတယ်။ သူက Westminster Model ဖြစ်တဲ့အတွက် အချိန်သိပ်မယူဘဲနဲ့ အချိန်နည်းနည်းနဲ့ ဘတ်ဂျက်ကို အတည်ပြုတဲ့ဟာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ သူက နောက် အစိုးရအသစ်ဟာ ဇူလိုင်မှာပြန်ပြီးတော့ အမြဲတမ်း Review လုပ်ပါတယ်။ ဒါဟာ အထောက်အထားတွေ အကုန်လုံးရှိပါတယ်။ အင်္ဂလန်လည်းဒီတိုင်းပါပဲ။ အင်္ဂလန်နိုင်ငံဟာ လက်ရှိ ယခင်ဝန်ကြီးချုပ်ဟောင်းရဲ့အစိုးရပဲ ပြန်တက်တာဖြစ်သော်လည်းပဲ ဒီနဂိုမှာ ကတည်းက မတ်လမှာက တည်းကတင်ခဲ့တဲ့ ဘတ်ဂျက်ကို နောက်အစိုးရ ဖွဲ့ပြီးတဲ့အချိန်မှာ ဘဏ္ဍာရေးဝန်ကြီးလည်း မပြောင်းပါဘူး။ George Osborne ပါပဲ။ ဒါပေမဲ့လို့ သူက ပြန် Review လုပ်ပြီးတော့ ဇူလိုင်လ ၁ ရက်နေ့မှာ ကျွန်တော်တို့ ဒါကို နောက်ဘတ်ဂျက်ကိုတင်တဲ့ဟာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ရွေးကောက်ပွဲနှစ်တွေမှာ ကျွန်တော်တို့ ဘတ်ဂျက်ကို နှစ်ခါလုပ်ရပါတယ်။ Outgoing Government နဲ့ Outgoing Parliament တို့က အတည်ပြုသွားပြီးတဲ့အခါမှာ အသစ်ဖွဲ့စည်း

တာက သူတို့ ပြင်ချင်လို့ရှိရင် သူတို့ပြင်ချင်လို့ရပါတယ်။ ကျွန်တော်တို့နဲ့ အနီးစပ်ဆုံးတူတာကတော့ အင်ဒိုနီးရှားနိုင်ငံ ဖြစ်ပါတယ်။ အနီးစပ်ဆုံးတူတယ်ဆိုတာက သူရဲ့ပုံစံလေးပေါ့။ ဒီအင်ဒိုနီးရှားနိုင်ငံရဲ့ ရွေးကောက်ပွဲက ဧပြီလ ၂၀၁၄ မှာ လုပ်ပါတယ်။ ဒါလွှတ်တော်ရွေးကောက်ပွဲပါ။ ပြီးတဲ့အခါကျမှ ဇူလိုင်လမှာ သူတို့က သမ္မတရွေးကောက်ပွဲကိုလုပ်ပါတယ်။ ဒီကာလတွေမှာ လွှတ်တော်အဟောင်းက ဆက်ပြီးတော့ တာဝန်ထမ်းဆောင်နေပါတယ်။ ဩဂုတ်လမှာ သူဟာ အစိုးရအဖွဲ့အဟောင်းကနေ လွှတ်တော်အဟောင်းကို တင်ပါတယ်။ တကယ်ဆိုရင် အဲဒီအချိန်မှာ ရွေးကောက်ပွဲပြီးပါပြီ။ သမ္မတလည်းရွေးပြီးပါပြီ။ သို့သော်လည်းပဲ သမ္မတဟာ ကျမ်းမကျိန်မချင်း၊ နောက်လွှတ်တော်ဟာလည်း ကျမ်းမကျိန်မချင်း အသက်မဝင်ပါဘူး။ ယခင်လွှတ်တော်ကလူတွေကပဲ၊ ယင်းအစိုးရလူတွေကပဲ ဆက်ပြီးတော့ လုပ်ရမှာဖြစ်ပါတယ်။ အဲဒီကာလမှာကျွန်တော်တို့ မြန်မာနိုင်ငံကိုတောင်မှ အင်ဒိုနီရှား Delegation က လာသွားပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ပြန်အရွေးခံရတဲ့သူတွေလည်းပါတယ်။ ပြန်အရွေးမခံရတဲ့သူတွေလည်းပါတယ်။ ဒါပေမဲ့လို့ သူတို့က သက်တမ်းမကုန်မချင်း MP ပဲဖြစ်ပါတယ်။ ပါလီမန်အမတ်ပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာမနိုင်တဲ့အတွက်၊ ဝင်ပြီးတော့မရွေးတဲ့အတွက် သူဟာ အမတ်မဟုတ်ဘူးလို့ မဟုတ်ပါဘူး။ သူရဲ့သက်တမ်းမကုန်မချင်း သူတို့က MP တာဝန်ကို ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာကြည့်မယ်ဆိုလို့ရှိရင် ဩဂုတ်လမှာ ဘတ်ဂျက်ကို တင်တယ်။ စက်တင်ဘာမှာ ဘတ်ဂျက်ကို အတည်ပြုတယ်။ သူရဲ့ဘဏ္ဍာရေးနှစ်က ၁ ရက် ၁ လမှာစတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ လွှတ်တော်အသစ်ဟာ အောက်တိုဘာ ၁ ရက်မှာ စတာဖြစ်ပါတယ်။ အောက်တိုဘာ ၁ ရက်နေ့မှာ စတော့လည်း သူဟာမဆွဲနိုင်ပါဘူး။ ဖေဖော်ဝါရီလမှာမှ ဘတ်ဂျက်ကို Review လုပ်ပြီးတော့ လုပ်ခဲ့တာဟာ အင်ဒိုနီးရှားနိုင်ငံက မကြာသေးခင်ပဲဖြစ်ပါတယ်။ ဒါ အင်ဒိုနီးရှားလွှတ်တော်ပါ။ ကျွန်တော်တို့လွှတ်တော်နဲ့အများကြီးတူပါတယ်။ ဒါက ဒီမှာ ရေးထားတာဆိုလို့ရှိရင် Revise လို့သူက သုံးထားပါတယ်။ ကျွန်တော်တို့နားလည်တဲ့ Revise နဲ့ မတူပါဘူး။ သူတို့က ပြန်ပြီးတော့ Review လုပ်ပြီးသွားရင် လုပ်တဲ့ဟာကို ယခင်တုန်းက အစိုးရဟောင်းနဲ့ လွှတ်တော်ဟောင်းကလုပ်သွားတာ Deficit ဟာ 2.2 percent ကနေပြီးတော့ အခုသူတို့ပြန်ပြင်လိုက်တဲ့အခါမှာ သမ္မတသစ် ပြန်လုပ်တဲ့အခါမှာ 1.9 ဖြစ်သွားတယ်ဆိုပြီးပြောတာကို ကျွန်တော်က ဖော်ပြခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ ရွေးကောက်ပွဲနှစ်တွေမှာ ဘတ်ဂျက်က နှစ်ခါလုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီဘတ်ဂျက်ကို အတည်ပြုသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာဆိုလို့ရှိရင်လည်းပဲ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲ ၂၀၁၀ ကိုကြည့်လို့ရှိရင် ယခင်အစိုးရဟာ ဇန်နဝါရီလ

၂၇ ရက်နေ့မှာ ဘတ်ဂျက်ကို အတည်ပြုသွားခဲ့ပါတယ်။ လွှတ်တော်တွေက ၃၁ ရက်နေ့မှာ ပေါ်ပါတယ်။ ၄ ရက် ၂ လမှာ သမ္မတက ကျမ်းကျိန်ပါတယ်။ အစိုးရအဖွဲ့ဟာ ၃၀ ရက် ၃ လ မှာ ကျမ်းကျိန်နိုင်ပါတယ်။ ဥပဒေကြမ်းကော်မတီတောင်မှပဲ မတ်လ ၁ ရက်နေ့မှာမှစပြီးတော့ ဖွဲ့နိုင်တာဖြစ်ပါတယ်။ အဲဒီလိုဖြစ်တဲ့အတွက် လာမယ့်အစိုးရဟာလည်းပဲ ဒီကာလတွေမှာ ဖွဲ့စည်းဖြစ်မှာဖြစ်တဲ့အတွက် ဘယ်လိုမှ ဘတ်ဂျက်ကို မလုပ်နိုင်ပါဘူး။ သူဟာ သကြ္ကန်ကျော်ပြီး မေ၊ ဇွန် လောက်မှာမှ ဒါကို Review လုပ်ပြီးတော့ လုပ်နိုင်မယ့်အနေအထားဖြစ်ပါတယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဆိုလို့ရှိရင် နိုဝင်ဘာ ရွေးကောက်ပွဲပြီးလို့ရှိရင် နိုဝင်ဘာလထဲမှာ သို့မဟုတ် ဒီဇင်ဘာလ အစောပိုင်းမှာ ကျွန်တော်တို့ လွှတ်တော်ကို ပြန်ခေါ်ရပါမယ်။ ဒီမှာလွှတ်တော်ကို စောစောကပြောတဲ့ ဥပဒေသုံးခုကို တင်ရပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံက ပိုပြီးတော့ဆိုးပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဘတ်ဂျက်နဲ့ ဗဟိုနဲ့ကချိတ်ထားတာဖြစ်တဲ့အတွက် ဒါတွေကို သူတို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်းပဲ အဲဒီအချိန်မှာ လွှတ်တော်သို့ဘတ်ဂျက်တွေကိုတင်။ Deficit တွေကို အပေါ်ကဖြည့်သွင်းပြီးတော့ ကျွန်တော်တို့ကိုတင်။ ကျွန်တော်တို့က နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီမှာ ဒီဘတ်ဂျက်ကို အတည်ပြုပေးရမှာဖြစ်ပါတယ်။ နောက်အစိုးရနဲ့ နောက်လွှတ်တော်ကတော့ သင့်တော်တဲ့အချိန်မှာ ပြန်ပြီးတော့ Review လုပ်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာပါဝင်တဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များအားလုံးဟာ လာမယ့် ရွေးကောက်ပွဲမှာဝင်ပြီးတော့ ပြိုင်သည်ဖြစ်စေ၊ မပြိုင်သည်ဖြစ်စေ။ အရွေးခံရသည်ဖြစ်စေ၊ အရွေးမခံရသည်ဖြစ်စေ၊ ရွေးကောက်ပွဲပြီးရင် ပြန်ခေါ်မယ့် လွှတ်တော်မှာပြန်တက်ရာမှာ ဖြစ်ပြီးတော့ရင် ဒီပြည်ထောင်စုအစိုးရအဖွဲ့က တင်ပြရမယ့်ဥပဒေသုံးခုကို ကျွန်တော်တို့က စိစစ်ပြီးတော့ အတည်ပြုပေးရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဖြစ်လည်းဖြစ်သင့်ပြီး International Practice လည်းဖြစ်တဲ့အတွက် စောစောက ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ကနေပြီးတော့ ပုဒ်မ ၅၅ ပုဒ်မခွဲ(က)ဟာမလိုအပ်ပါဘူး။ ဒါကို ပယ်ဖျက်ပေးဖို့ ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရှေ့နေချုပ်ရဲ့သဘောထားပြောပါ။

**ဒေါက်တာထွန်းရှင်(ရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ပုဒ်မ ၅၅ ပုဒ်မခွဲ(က)ထပ်ပြီးတော့ ဖြည့်စွက်သင့်/မသင့်ကိစ္စ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီးတော့ ဆုံးဖြတ်နိုင်

**မူကြမ်း**

ပါရန် ကျွန်တော် အသေးစိတ်ကျယ်ပြန့်စွာ တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၅ ရဲ့နောက်မှာ ၅၅(က)အဖြစ် ဖြည့်စွက်ပြဋ္ဌာန်းရန် ပြည်သူ့လွှတ်တော်က အတည်ပြု ခဲ့တဲ့ ပြဋ္ဌာန်းချက်ပါ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲရှိသည့် နှစ်များမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပြည်ထောင်စုရဲ့ အခွန်ကောက်ဥပဒေ ကြမ်းတို့ရေးဆွဲပြီး အသစ်ဖွဲ့စည်းသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်လို့ပါရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်နှင့် ပတ်သက်လို့ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှာဆွေးနွေးတင်ပြစဉ်က နိုင်ငံတော်သမ္မတသစ် ဟာ ကတိသစ္စာပြု၍ နိုင်ငံတော်သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အချိန်မှသာ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၁ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့အရ ပြည်ထောင်စုဝန်ကြီး များခန့်အပ်ခြင်းကို ဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက်ကြောင့် လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ De Jure Constitutional Government အဖြစ် တည်ရှိနေစဉ်မှာ အသစ်ဖွဲ့စည်းမည့် အစိုးရအဖွဲ့မရှိ သေးကြောင်း ပေါ်ပေါက်ခြင်းမရှိသေးတဲ့ အစိုးရအဖွဲ့သစ်ဟာ De Jure Constitutional Government Status မရှိသဖြင့် သဘောထားမှတ်ချက်ပေးခြင်းကို ဆောင်ရွက်နိုင်ရန် မဖြစ်နိုင် ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ပုဒ်မ ၅၅ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်ကို လွှတ်တော်သက်တမ်းတစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲရှိသည့်နှစ်များမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေး နှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ၊ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေကြမ်းတို့ကိုရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စု အစိုးရအဖွဲ့က အတည်ပြု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရန် အချိန်မီလွှဲပြောင်းပေး ရမည်ဟု ပြင်ဆင်အတည်ပြုခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်အရ ကြည့်မယ် ဆိုရင်လည်း လက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ဟာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် ပါတီစုံ အထွေထွေရွေးကောက်ပွဲ ရှိသည့်နှစ်များမှာ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကိုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း မပြုရဘဲ အသစ်ဖွဲ့စည်းမယ့် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်မည်ဖြစ်ပါတယ်။ ယင်းသို့ဆိုပါက လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လာမယ့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရ

အသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိတဲ့ လုပ်ပိုင်ခွင့်ကို ကန့်သတ်ရာရောက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ နှင့် ညီညွတ်မည် မဟုတ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁ မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေး ကော်မရှင်နှင့် ညှိနှိုင်းရရှိသော ပြည်ထောင်စု၏နှစ်စဉ် အရအသုံး ခန့်မှန်းခြေငွေစာရင်းကိုပြုစု၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြု ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်း ထားပါတယ်။ ပုဒ်မ ၂၂၂ မှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့ဟာ မိမိတင်သွင်းတဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ်များကို ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့် ရှိကြောင်းလည်း ပါရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်နှစ်ရပ်ကို ဆက်စပ်ကြည့်ပါက ပြည်ထောင်စု အစိုးရအဖွဲ့ဟာ နောက်လာမည့်ဘဏ္ဍာနှစ်အတွက် အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပြဋ္ဌာန်းချက်များမှာ ပြည်ထောင်စုအစိုးရအဖွဲ့က လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲ၍ အသစ်ဖွဲ့စည်းမည့် အစိုးရအဖွဲ့ သို့လွှဲပြောင်းပေးရန် ဖော်ပြပြဋ္ဌာန်းချက်မပါရှိကြောင်း လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။ လက်တွေ့ ဆောင်ရွက်ရသည့် သဘောတရားအရကြည့်မယ်ဆိုလို့ရှိရင်လည်း ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို လာမယ့်ဘဏ္ဍာရေးနှစ်မစမီကပင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြဋ္ဌာန်းရမည်လို့ပါရှိထားပါတယ်။ ဒီလိုဆောင်ရွက်ဖို့ စက်တင်ဘာလကစပြီး ၇ လခန့်အချိန်ယူဆောင်ရွက်ရတာလည်း လက်တွေ့ ပိုင်းမှာ တွေ့ရပါတယ်။ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက်မှာ အစိုးရအဖွဲ့တွေကို ငွေပေးထုတ်မယ်၊ ဘတ်ဂျက်သုံးစွဲခွင့်နှင့် အာဏာပေးခြင်းစသည့်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ရတာဖြစ်လို့ ဘတ်ဂျက်နှစ်မစမီ သို့မဟုတ် ဘတ်ဂျက်နှစ်စစချင်း ဘဏ္ဍာရေးငွေအရအသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ရပါက အချိန်ကျော်လွန်ပြီးမှ ဆောင်ရွက်လို့ရှိရင်လည်း အခက်အခဲပေါင်းများစွာ တွေ့ရနိုင်ပါတယ်။ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အမျိုးသားစီမံကိန်းဥပဒေ မူဘောင်အတွင်းမှ ရေးဆွဲရခြင်းဖြစ်ပါတယ်။ ယခုလာမည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ဟာ အနှစ်

၂၀ စီမံကိန်း ဒုတိယ ၅ နှစ်စီမံကိန်းရဲ့ ပထမနှစ်ဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကိုလည်း ဒုတိယ ၅ နှစ် အမျိုးသားစီမံကိန်းဘောင်အတွင်းမှသာ ရေးဆွဲရန်လိုအပ်ခြင်းလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၁၊ ၂၂၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသည့် ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေမူကြမ်းဟာ နှစ်စဉ်ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန်အတွက် တင်သွင်းရမည့်ရက်ကို သတ်မှတ်ပြဋ္ဌာန်းထားကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ တစ်ဖက်မှာလည်း ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်းပြီးမှသာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများကို ဆက်လက်ပြဋ္ဌာန်းမှာဖြစ်တဲ့အတွက် ယခုဥပဒေကြမ်းပါအတိုင်း ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို အစိုးရသစ်က အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြဋ္ဌာန်းရမယ်လို့ဆိုပါက ဘဏ္ဍာငွေသုံးစွဲမှု အခက်အခဲများ ပေါ်ပေါက်လာနိုင်တဲ့ အခြေအနေလည်းရှိပါတယ်။ တစ်ဆက်တည်းမှာပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၆ မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပြည်ထောင်စု၏နှစ်စဉ်အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းကို အခြေပြုလျက် နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်သို့တင်သွင်းရမည်လို့ ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်။ အစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်တဲ့ ဥပဒပုဒ်မ ၅၅ ပုဒ်မခွဲ(က)ကို ထပ်မံဖြည့်စွက်ခြင်းမရှိပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များအရ နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကိုရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက် ရယူနိုင်မှာလည်းဖြစ်ပါတယ်။ ထိုသို့ တင်သွင်းသည့် နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို လက်ရှိဘဏ္ဍာရေးနှစ်မကုန်ဆုံးမီအထိ ပြည်ထောင်စုလွှတ်တော်က အချိန်မီပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် နောင်လာမည့် ဘဏ္ဍာရေးနှစ်များ၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကိုလည်း ပြည်ထောင်စုလွှတ်တော်က နောက်ဆုံးပြဋ္ဌာန်းထားသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ်ဖြစ်လည်း ခွင့်ပြုသုံးစွဲခွင့်ရှိပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ ယခုဥပဒေကြမ်းပါအတိုင်း ပုဒ်မ ၅၅ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်မှာ အတည်ပြုမည်ဆိုပါက ပထမအချက်က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မပါရှိသည့်အချက်ကို ကျော်လွန်ပြဋ္ဌာန်းရာရောက်နိုင်သဖြင့်လည်းကောင်း၊ ဒုတိယအချက်က နောင်လာမည့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ယခုဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သဖြင့် လက်တွေ့ကျင့်သုံးဆောင်ရွက်ရန်မှာ အခက်အခဲများရှိနိုင်သဖြင့်လည်းကောင်း၊ တတိယအချက်က ပုဒ်မ ၅၅ ပုဒ်မခွဲ(က) ဖြည့်စွက်ပြဋ္ဌာန်းချက်မရှိသည့်တိုင် နောက်လာမည့်နှစ်အတွက်ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့က ရေးဆွဲ၍ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ပါ၍ ပုဒ်မ ၅၅ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကိုထပ်မံဖြည့်စွက်ခြင်းမပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဖြည့်စွက်ချက်အပိုဒ် ၄ ပိုဒ်ရှိပါတယ်။ ဒီဖြည့်စွက်ချက်အပိုဒ်များကတော့ ကူးပြောင်းရေးကာလအဆင်ပြေချောမွေ့စေရေးအတွက် ဖြည့်စွက်ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ ယခုတင်ပြဆွေးနွေးနေတဲ့ အပိုဒ် ၅၅-က ဖြစ်သလို အပိုဒ် ၁၀၂-က၊ အပိုဒ် ၁၀၂-ခ နှင့် အပိုဒ် ၁၀၂ - ဂ တို့ဖြစ်ကြပါတယ်။ အဲဒီတော့ ပိုမိုပြည့်စုံအောင် ဖြည့်စွက်ရှင်းပြ၊ တင်ပြရရင်တော့ ၁၀၂-က မှာကတော့ သမ္မတ၊ ဒုတိယသမ္မတများ နေထိုင်ရေးရုံးခန်း၊ အဆောက်အအုံများထားရှိပေးဖို့၊ နောက် ဝန်ကြီးတွေရဲ့ရုံးခန်းများ ကြားကာလမှာ ထားရှိပေးဖို့နှင့် လွှဲပြောင်းမှုကြိုတင်ပြင်ဆင်ရေး ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ အဲဒီတော့ ဒီပြဋ္ဌာန်းချက်မှာ ဥပဒေသုံးရပ်ဖြစ်တဲ့ပြည်ထောင်စုလွှတ်တော်မှာသာ ဆွေးနွေးရမယ့် ဘတ်ဂျက်ဥပဒေ၊ အမျိုးသားစီမံကိန်းဥပဒေနှင့်အခွန်အကောက်ဆိုင်ရာဥပဒေတွေကို အစိုးရအဖွဲ့ကနေပြီး အစိုးရအဖွဲ့သစ်ရဲ့ သဘောထားရယူပြီးတော့ ပြဋ္ဌာန်းရမယ်လို့ ဒါမူလပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒါကို အမျိုးသားလွှတ်တော်ကတော့အတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အဲဒီတော့ လက်တွေ့မှာအကောင်အထည်ဖော် ဆောင်ရွက်ဖို့ အခက်အခဲရှိနိုင်တယ်ဆိုတာ ဆွေးနွေးချက်များအရ တွေ့ရှိရပြီးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကိုလည်း သုံးသပ်ရရှိပါတယ်။ အဲဒီတော့

လွှတ်တော်နှင့် အစိုးရအဖွဲ့အဟောင်းကသာ ဆောင်ရွက်အတည်ပြုခဲ့ရမှာဖြစ်ပြီးတော့ ပေါ်ထွက်လာမယ့်အစိုးရအသစ်အနေနဲ့လည်း Review လုပ်ခွင့်ရှိတာကို တွေ့ရပါတယ်။ ဥပဒေကြောင်းအရလည်း ရှေ့မှာပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများနှင့် ကွဲလွဲမှုမရှိဖို့လည်း လိုအပ်တာတွေ့ရပါတယ်။ အလားတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ဒေါ်တင်နွယ်ဦးရဲ့ ဆွေးနွေးချက်နဲ့လည်း ဦးမောင်တိုးရဲ့ ဆွေးနွေးချက်ဟာ ပယ်ဖျက်ပေးဖို့ဆိုတဲ့ဟာ ကိုက်ညီတာတွေ့ရပါတယ်။ ယင်းအချက်များကို သုံးသပ်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အနေနဲ့ ဦးမောင်တိုးရဲ့ ပယ်ဖျက်ရန် ဆုံးဖြတ်ချက်အား သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင်များလည်း တင်သွင်းသွားတယ်။ ပြည်ထောင်စုရှေ့နေချုပ်ကလည်း သဘောထားကို ပြောသွားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားနဲ့လည်း ကိုက်ညီစွာ တစ်ညီတည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအပိုဒ် ၃ သည် ဦးမောင်တိုး၏ တင်ပြချက်အတိုင်း အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အပိုဒ် ၃ သည် ဦးမောင်တိုး၏ တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အစီအစဉ်တစ်ခု မစတင်ခင်မှာ ကျွန်တော်တို့ Agenda ထဲမှာ အစီအစဉ်တစ်ခုကျန်သွားလို့ပါ။ ဖြည့်စွက်တင်ပြပါရစေခင်ဗျ။ အဲဒါကတော့ ယခု ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ လွှတ်တော်နှစ်ရပ်ရဲ့ သဘောကွဲလွဲချက်ဖြစ်သွားပါတယ်။ ဒီကွဲလွဲချက်ဟာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပြန်လာပြီဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်မှာ ဒီကွဲလွဲချက်ကို နည်းဥပဒေ ၁၉၇ နည်းဥပဒေခွဲ(ဃ)အရ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့အဆုံးအဖြတ်ခံယူဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ အဆိုတင်သွင်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောကွဲလွဲတဲ့ဟာကို ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းဖို့အတွက်ကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ

ကျွန်တော် ခေါ်ဦးမှာဖြစ်တယ်။ ခဏလေးလိုအပ်မှပဲ ကျွန်တော် ထပ်ပြီးဖြည့်စွက်ပေးပါမယ်။ အစီအစဉ်အတိုင်း သွားပါမယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင်စပ်လျဉ်းပြီး ယခု ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ယင်းဥပဒေကြမ်းကို အတည်ပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်အတည်ပြုချက်များသည် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များမှ နှစ်ချက်ကို လွှတ်တော်မှ သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ အဆိုအား ပေါက်မဲဆန္ဒနယ်မှ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုမှ ထောက်ခံအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ နှစ်ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့် ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော် နှင့် သဘောကွဲလွဲတဲ့နှစ်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့်တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်း ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီ အလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ဖြစ်သော ၁၁-၃-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်း များ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်အလိုက်အတည်ပြု

**မူကြမ်း**

နိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက် အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြု သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ (ဃ)အရ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် ၂၀ ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက် (၂၀)ချက်အား လွှတ်တော်သို့ အဆိုပြု တင်ပြသွားမှာ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ (၁) အမှတ်စဉ် ၁ မှ ၃ အထိ ဥပဒေခေါင်းစီး၊ နိဒါန်းကို ပြင်ဆင်ခြင်း၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၂) အမှတ်စဉ် ၄ နှင့် ၅ အခန်း(၂) အသစ်ဖြည့်စွက်ခြင်း၊ အပိုဒ် ၄ အခန်း(၃) ခေါင်းစဉ်၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၃) အမှတ်စဉ် ၈ မှ ၁၁ အထိ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အခန်း(၄) ခေါင်းစဉ်တို့ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ် ဇယားစာမျက်နှာ(၄) အမှတ်စဉ် ၁၃ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀ ကို ပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၅) အမှတ်စဉ် ၁၅ နှင့် ၁၆ အဆိုပြု ပြဋ္ဌာန်းချက် အခန်း(၄) ခေါင်းစဉ်ကိုပယ်ဖျက်ခြင်း၊ အခန်း(၅) ခေါင်းစဉ်ကို အသစ် ဖြည့်စွက်ခြင်းတို့ ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ နှင့် ၇ အမှတ်စဉ် ၂၁ မှ ၂၅ အထိ အပိုဒ် ၁၃၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၇ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၇ အသစ်ဖြည့်စွက်ခြင်း၊ အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၁၈ အသစ်ဖြည့်စွက်ခြင်းတို့ဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၈ အမှတ်စဉ် ၂၆ မှ ၂၈ အထိ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ အသစ်ဖြည့်စွက်ခြင်းတို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြချက်(၂၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**မူကြမ်း**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေဟာ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ရဲ့ တာဝန်ပေးချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အခုတင်ပြသွားတဲ့ ဥပဒေကြမ်း ရေးဆွဲရေးကော်မတီရဲ့ အစီရင်ခံစာနှင့် ကျွန်တော်တို့မှာပေးပို့ထားတဲ့ တင်ပြချက်ဇယားအရဆိုရင် ဒီဥပဒေကြမ်းအပေါ်မှာ ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်ကနေပြီးတော့ အပိုဒ် ၄၊ ၅၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ တို့နှင့်ပတ်သက်ပြီးတော့ ပယ်ဖျက်ပေးဖို့ တင်ပြထားတာ တွေ့ရပါတယ်။ တင်ပြထား တာတွေ့ရတော့ ဒီတင်ပြချက်ဟာဆိုလို့ရှိရင် ဥပဒေတစ်ခုလုံးကို ပယ်ဖျက်ပေးဖို့ တင်ပြရာရောက်တဲ့ အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့ တင်ပြချက်ပြီးမှပဲ ကျွန်တော်က သဘောထားကို ပေးရမလား သို့တည်း မဟုတ် အခုပဲ ကျွန်တော်တို့ စုပေါင်းပြီးတော့ မတင်ပြခင်ပေးရမှာလားဆိုတာ အရင်ဒုတိယ ဥက္ကဋ္ဌကြီးရဲ့ညွှန်ကြားချက်ကို တင်ပြတောင်းခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ အပိုဒ် ခုနက ပြင်ဆင်ချက် အချက်(၂၀)ချက် အတွက်ကိုပဲ ကျွန်တော်မေးတာ ဖြစ်ပါတယ်ခင်ဗျား။ ကျန်တာ ဒေါ်ခင်စန်းလှိုင်နဲ့ ပတ်သက်တာ တစ်ပိုဒ်ချင်း ကျွန်တော်ထပ်ပြီးတော့ ဆန္ဒသဘောထားမေးသွားမှာ ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ကျွန်တော်တို့ ဥပဒေကြမ်း ရေးဆွဲရေးကော်မတီရဲ့ တင်ပြချက်အတိုင်း သဘောတူပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်လင်တစ်မယားစနစ်ကျင့်သုံး ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ချက်(၂၀)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ထပ်မံပြင်ဆင်ချက် အချက် (၂၀)ချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက် (၈) ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရန်အတွက် တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဥပဒေကြမ်းရဲ့ အပိုဒ် ၅ ဟာ မည်သည့်ယောကျ်ားနှင့်မိန်းမ မဆို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ တရားဝင်ထိမ်းမြားခြင်းပြုနိုင်သူသည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ဒီဥပဒေရဲ့ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၆ အခန်း(၂) အပိုဒ် ၄ ကို ကျွန်မအနေနဲ့ ပယ်ဖျက်ရန်အတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒီဥပဒေရဲ့ ရည်ရွယ်ချက်မှာ ရေးသားထားတာကို ကျွန်မတို့ ဖတ်ရတဲ့အခါမှာ ဒီဥပဒေဟာ အင်မတန်မှ အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ တစ်လင်တစ်မယားစနစ်နဲ့ သွားဖို့ရာအတွက် ရည်ရွယ်ချက်ကောင်းနဲ့ရေးဆွဲထားတယ်ဆိုတာကို ကျွန်မတို့ ဒါကိုတော့ ဖတ်ကြားရတဲ့အတွက်ကြောင့် ဒါကိုသိရပါတယ်။ သို့သော်လည်းပဲ ဒီဥပဒေရဲ့ရည်ရွယ်ချက် ထမြောက်ဖို့ရန်အတွက်ကတော့ ဒီဥပဒေကို ယခုထက်ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ရန်အတွက် လိုအပ်သလို ပြဋ္ဌာန်းပြီးဖြစ်တဲ့ လူထုအတွက်အကျိုးရှိတဲ့ ဥပဒေတွေကို ထိရောက်စွာအကောင်အထည်ဖော်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အမျိုးသမီးများရဲ့အပေါ်မှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ခွဲခြားဆက်ဆံရာရောက်တဲ့ ဥပဒေပြဋ္ဌာန်းချက်များကိုလိုအပ်သလို ထိရောက်သော ပြောင်းလဲပြင်ဆင်

မှုများပြုလုပ်ရန်နှင့် အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ စတင်ရေးဆွဲနေပြီဖြစ်တဲ့ အမျိုးသမီးများ အပေါ်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကြမ်းကို အမြန်ဆုံးရေးဆွဲအတည်ပြု ပြဋ္ဌာန်းနိုင် ရေးအတွက်သာ နိုင်ငံတော်အစိုးရအနေနဲ့ ပံ့ပိုးကူညီသင့်တယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ဥပဒေကြမ်း ကော်မတီအနေနဲ့လည်း ကျွန်မတို့ ပြည်သူ့လွှတ်တော်ရဲ့အတွင်းမှာ ဒီဥပဒေနဲ့ပတ်သက်ပြီး အရပ်ဘက်၊ လူမှုအဖွဲ့အစည်းများကနေ ကန့်ကွက်မှုများရှိခဲ့ခြင်း၊ လူနည်းစုတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးနဲ့ ဓလေ့ထုံးစံများကို ထိခိုက်နစ်နာစေခြင်း။ ဥပမာ- လားဟူအမျိုးသားများဟာ ပထမအိမ်ထောင်မှ သားယောကျ်ားလေးမမွေးရင် နောက်ထပ်အမျိုးသမီးတစ်ဦးကို လက်ထပ်နိုင်ခွင့်ရှိတယ်လို့ ကန့်ကွက် မှုတွေလည်းရှိနေတယ်ဆိုပြီးတော့ ပြည်သူ့လွှတ်တော်မှာ ဥပဒေကြမ်းကော်မတီ ကိုယ်တိုင်တင်ပြခဲ့တာ ကိုလည်း ကျွန်မတို့ ကြားနာခဲ့ရပြီးဖြစ်ပါတယ်။ ယခုအချိန်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ရင်ကြားစေ့ရေးလမ်းစဉ်ကို သွားရောက်နေတဲ့ အချိန်အခါလည်းဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှု၍လည်းကောင်း၊ ယခုထက်ပိုပြီးကျယ်ပြန့်တဲ့ ဥပဒေတစ်ရပ်ကို အချိန်ယူ၍လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ရေးဆွဲသင့်တဲ့ အတွက်ကြောင့်လို့မို့ လောလောဆယ်ဒီဥပဒေကို မပြဋ္ဌာန်းသင့်သေးပါဘူးလို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မကို ပယ်ဖျက်ပေးနိုင်ပါရန်အတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ် ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲတင်ပြခဲ့တဲ့ တစ်လင်တစ်မယားစနစ်ဆိုင်ရာဥပဒေကြမ်းကို ဘာကြောင့်ပြဋ္ဌာန်းဖို့ လိုအပ်သလဲဆိုတဲ့ အချက်နဲ့ စပ်လျဉ်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် တင်ပြခွင့်ပြုပါရန် ပဏာမ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတိုင်းဟာ ကိုးကွယ်ရာဘာသာအမျိုးမျိုး၊ ဓလေ့ထုံးတမ်းအဖုံဖုံတို့ကို မိမိတို့ယုံကြည်မှုအရ လွတ်လပ်စွာကိုးကွယ်ခွင့် ရှိကြပါတယ်။ တချို့သော ဘာသာဓလေ့ထုံးတမ်းတွေဟာ ယောကျ်ားတစ်ဦးကို မယားအများအပြားယူခွင့်ပြုထားတာ အားပေး တာတွေရှိပါတယ်။ အဲဒီလို မယားအများအပြားယူတဲ့ဓလေ့ကို ကျင့်သုံးတာဟာ နှစ်ပရိစ္ဆေဒကြာ ညောင်းလာတဲ့အခါမှာတော့ တချို့သောဒေသတွေမှာ လူဦးရေတိုးပွားနှုန်းကို မထိန်းချုပ်နိုင်တော့ဘဲနဲ့

လူဦးရေပေါက်ကွဲမှုနဲ့ ကြုံတွေ့ရပါတော့တယ်။ အဲဒီအခါမှာ လူဦးရေသိပ်သည်းမှုတွေ များလာပါတယ်။ လူဦးရေတိုးနှုန်း မြင့်တက်လာပါတယ်။ ကလေးမွေးဖွားနှုန်းကလည်း အဆမတန်မြင့်မားလာပါတယ်။ လူဦးရေနှင့်သယံဇာတ အရင်းအမြစ်အချိုးမညီမျှမှုတွေလည်း ဖြစ်ပေါ်လာပါတယ်။ လူမှုစီးပွားရေး အညွှန်းကိန်းများဟာလည်း နိမ့်ကျလာတာကို တွေ့ရပါတယ်။ ဒေသတွင်းစားနပ်ရိက္ခာမလုံလောက်မှုတွေဖြစ်လာပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ တိုင်းပြည်တိုးတက်ကြီးပွားရေးမှာ အခက်အခဲပြဿနာပေါင်းစုံနဲ့ ကြီးမားတဲ့စိန်ခေါ်မှုတွေကို ကြုံတွေ့လာတာတွေ့ရပါတယ်။ ဒါကြောင့် ဒီပြဿနာဟာဆိုရင် လူတစ်ဦးတစ်ယောက်ရဲ့ အိမ်ထောင်စုတစ်ခုရဲ့ ပြဿနာမဟုတ်တော့ဘဲနဲ့ တိုင်းပြည်အရေး၊ နိုင်ငံ့အရေးဖြစ်လာပါတော့တယ်။ နိုင်ငံတော်ရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေတဲ့စိန်ခေါ်မှုပြဿနာဖြစ်လာပါတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် တစ်လင်တစ်မယားစနစ်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းရန် လိုအပ်လာခြင်းပဲဖြစ်ပါကြောင်း ပဏာမတင်ပြလိုပါတယ်။ တစ်ကယ်တော့ ဒီဥပဒေဟာ လင်နဲ့မယားတို့ရဲ့ သာယာချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုကို တည်ထောင်နိုင်ဖို့အတွက်သာ ရည်ရွယ်ရုံမကဘဲနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် လိုအပ်ချက်တစ်ရပ်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်ဖို့အတွက် ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် တိုင်းပြည်အတွက် အကျိုးရှိ/မရှိ။ မည်သူတွေကို ထိခိုက်နစ်နာနိုင်သလား။ ထိခိုက်နစ်နာမှုမရှိအောင် ဘယ်လိုကာကွယ်ရမလဲ၊ ဒီဥပဒေဟာ မျှတမှုရှိတဲ့ဥပဒေလားဆိုတဲ့ အမျိုးသမီးဆိုင်ရာအခွင့်အရေးကို ထိခိုက်မှုရှိသလားဆိုတဲ့ အချက်အ လက်တွေကို စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလေးထားတင်ပြလိုတဲ့ အချက်တွေကတော့ တစ်လင်တစ်မယားစနစ်ကို နိုင်ငံအများစုက ကျင့်သုံးတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ မြန်မာဗုဒ္ဓဘာသာဝင်များဟာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို လိုက်နာကြရပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာဝင်အချင်းချင်းဟာ ထိမ်းမြားလက်ထပ်ကြတဲ့အခါမှာ တရားဝင်လင်မယားအရာမြောက်ဖို့အတွက်ကတော့ မိန်ကလေးဖြစ်သူမှာ တရားဝင်လင်ယောကျ်ားမရှိရပါဘူး။ ယောကျ်ားလေးကိုတော့ တရားဝင်မိန်းမမရှိစေရလို့ ကန့်သတ်ထားတာ မရှိပါဘူး။ ဒါကြောင့် ယောကျ်ားလေးအနေနဲ့ မိန်းမတစ်ယောက်မကယူခွင့်ရှိပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနဲ့ ဒီတစ်လင်တစ်မယားစနစ်ကို ဥပဒေရဲ့ကွာခြားချက်ကတော့ ယောကျ်ားလေးရဲ့ အခွင့်အရေးမှာပဲ ကွာခြားသွားတာဖြစ်ပါတယ်။ တစ်လင်တစ်မယားစနစ်မှာကတော့

တရားဝင်မိန်းမရှိတဲ့ယောကျ်ားဟာ နောက်ထပ်မယားယူခွင့်မရှိပါဘူး။ မိန်းကလေးနဲ့ပတ်သက်လို့ ကတော့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနဲ့ တစ်လင်တစ်မယားစနစ်ဥပဒေတို့ဟာ အတူတူပဲ ဖြစ်ကြ ပါတယ်။ ဒါကြောင့် တရားဝင်ယောကျ်ားရှိတဲ့ မိန်းကလေးဟာ နောက်ထပ်ထိမ်းမြားခွင့်မရှိပါဘူး။ ဒီအချက်ကို ဥပဒေနှစ်ခုစလုံးက တားမြစ်ထားပါတယ်။ မြန်မာဗုဒ္ဓဘာသာဝင် ယောကျ်ားလေးများဟာ မယားတစ်ယောက်မက ယူခွင့်ရှိသော်လည်းပဲ လက်တွေ့ဘဝမှာတော့ မြန်မာဗုဒ္ဓဘာသာဝင်လင်နဲ့ မယားတို့ဟာ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးကြတာကိုသာ တွေ့ရှိနိုင်ပါတယ်။ မြန်မာ ဗုဒ္ဓဘာသာဝင် ဇနီးမောင်နှံတို့ဟာ မိမိတို့အချင်းချင်း ချစ်မြတ်နိုးလို့ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ် ထားတဲ့ အိမ်ထောင်ဘက်ကို တစ်ယောက်ကိုတစ်ယောက်မပြောင်းလဲဘဲ သစ္စာရှိစွာဖြင့် အသက် ထက်ဆုံးတစ်လင်တစ်မယားစနစ်ဖြင့်သာ ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်သွားကြတာပါပဲ။ ဒါကြောင့် ယောကျ်ားတစ်ဦးက မိန်းမအများကြီးယူခြင်းကို မြန်မာ့လူမှုအဖွဲ့အစည်းက လက်ခံနိုင်ခြင်း မရှိပါဘူး။ မိန်းမကြီးရှိလျက် မယားငယ်ထားသူကို မြန်မာ့လူမှုအသိုင်းအဝိုင်းက ကိုယ်ကျင့်သိက္ခာမရှိသူအဖြစ် ရှုမြင်ပါတယ်။ မယားကြီးပေါ်မှာ သစ္စာမရှိသူအဖြစ် သတ်မှတ်ပါတယ်။ ဒါကြောင့် မြန်မာဗုဒ္ဓ ဘာသာဝင်လင်နဲ့မယားတို့ဟာ ဥပဒေကပြဋ္ဌာန်းထားခြင်း မဟုတ်ပါဘဲလျက် သေတပန်သက်တစ်ဆုံး ရိုးမြေကျတိုင်အောင် တစ်လင်တစ်မယားစနစ်ဖြင့် နေထိုင်သွားကြတာဟာ မြန်မာဗုဒ္ဓဘာသာဝင် ဇနီးမောင်နှံတို့ရဲ့ လေးစားဂုဏ်ယူဖွယ်ရာ ထူးခြားချက်တစ်ခုဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တစ်လင်တစ်မယားစနစ် ဥပဒေဟာ မြန်မာဗုဒ္ဓဘာသာဝင် ယောကျ်ားနှင့်မိန်းမကို အခွင့်အရေး တန်းတူဖြစ်စေရန် ဆောင်ရွက်ခြင်းသာဖြစ်တဲ့အတွက် ဒီဥပဒေဟာမျှတမှုရှိတဲ့ဥပဒေဖြစ်ပြီး မလျော် အခွင့်အရေးယူနေတဲ့ ယောကျ်ားအတွက် နစ်နာမှုရှိတယ်လို့ မဆိုနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြရရင် မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေတစ်ခုဖြစ်တဲ့ Christian Marriage Act ကို တင်ပြပါမယ်။ ဒီဥပဒေဟာ ခရစ်ယာန်ဘာသာဝင် တစ်ဦး၊ ဒါမှမဟုတ် ခရစ်ယာန် ဘာသာဝင်အချင်းချင်းနဲ့ ထိမ်းမြားခြင်းနဲ့ပတ်သက်ပါတယ်။ ဒီဥပဒေမှာပါတဲ့ တရားဝင်မိန်းမ မရှိသူ ယောကျ်ားဟာ ထိမ်းမြားခြင်းတည်မြဲနေစဉ်အတွင်းမှာ နောက်ထပ်မိန်းမယူခွင့်မရှိစေရဘူးလို့ ပြဋ္ဌာန်း ထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်ဟာဆိုလို့ရှိရင်လည်း အခုတစ်လင်တစ်မယားစနစ်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နဲ့ အတူတူပင်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့လည်း တည်ဆဲ ဥပဒေတစ်ခုဖြစ်တဲ့ Special Marriage Act ကို တင်ပြပါအုံးမယ်။ ဒီဥပဒေဟာလည်း ခရစ်ယာန်ဘာသာဝင် ဗုဒ္ဓဘာသာဝင်မဟုတ်တဲ့ မဟုတ်သူတို့အချင်းချင်း ထိမ်းမြားလက်ထပ်ခြင်းနဲ့

သက်ဆိုင်ပါတယ်။ ဒီဥပဒေမှာလည်း လင်ယောကျ်ား သို့မဟုတ် မယားရှိသူက နောက်ထပ်ထိမ်းမြားခွင့် မရှိကြောင်းကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ ခရစ်ယာန်ဘာသာဝင်တွေ၊ ခရစ်ယာန်ဘာသာဝင်မဟုတ်သူတွေ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သူတွေအတွက် ဒီ Christian Marriage Act နဲ့ Special Marriage Act တို့အရဆိုရင် တစ်လင်တစ်မယားစနစ်ကို လက်ရှိအားဖြင့် ကျင့်သုံးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကိုပြဋ္ဌာန်းခြင်းအားဖြင့် တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် အဆမတန်လူဦးရေတိုးပွားနှုန်းကို တစ်နည်းတစ်လမ်းအားဖြင့် ထိန်းချုပ်နိုင်မှာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘက်ပေါင်းစုံမှာတိုးတက်အောင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အကျိုးရှိမှာ ဧကန်ဖြစ်တဲ့အတွက် အိမ်ထောင်တစ်ခုချင်းအတွက် ပျော်ရွှင်ဖွယ်ရာ အိမ်ထောင်တစ်ခုတည်ဆောက်နိုင်မှာဖြစ်တဲ့အတွက် ပုဂ္ဂလိကတစ်ဦးချင်းအတွက်ပါ အကျိုးရှိမယ့် ဥပဒေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မယားအများအပြားယူခြင်းရဲ့ ဆိုးကျိုးအဖုံဖုံကိုလည်း ရှုထောင့်အစုံမှ သုံးသပ်ကြည့်မယ်ဆိုရင် ဘာသာရေးရှုထောင့်ကကြည့်ကြည့်၊ လူမှုရေးရှုထောင့်ကကြည့်ကြည့်၊ စီးပွားရေးရှုထောင့်ကကြည့်ကြည့်၊ တရားစီရင်ရေးဆိုင်ရာရှုထောင့်ကကြည့်ကြည့်၊ ကောင်းကွက်တစ်ကွက်မှ မရှိပါဘူး။ မယားအများအပြားယူတဲ့အတွက် ဆိုးကျိုးများသာ ဖြစ်ပွားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို ပြဋ္ဌာန်းခြင်းအားဖြင့် အခွင့်အရေးကို ထိခိုက်နစ်နာသူတွေကတော့ ရှိနိုင်ပါတယ်။ သူတို့ကတော့ တရားဝင်ဇနီးရှိနေတဲ့ ယောကျ်ားကိုယူပြီး မယားပြိုင်အခွင့်အရေးကို ရလိုသူ၊ ရနိုင်သူတို့ ဖြစ်ပါတယ်။ ဒီနေရာမှာ ၁၉၇၁ ခုနှစ်က နိုင်ငံတော်တရားရုံးချုပ်က ဆုံးဖြတ်ခဲ့တဲ့ ဒေါ်ကြည်ကြည်နှင့် မစ္စမေသူခိုင်ဆိုတဲ့အမှုမှာ ဒီမယားပြိုင်ဆိုတဲ့ဝေါဟာရဟာ စတင်ပေါ်ပေါက်လာပြီးတော့ နောက်ယူတဲ့မယားကို ပထမမယားနှင့်တန်းတူအခွင့်အရေးပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်လင်တစ်မယားစနစ်ဥပဒေကို ပြဋ္ဌာန်းလိုက်ပါက ဒီမယားပြိုင်အခွင့်အရေးကို ထိခိုက်နစ်နာနိုင်တယ်လို့ တချို့တင်ပြကြသူများရှိပါတယ်။ ဒီနေရာမှာ အရေးကြီးတဲ့အချက်သုံးချက်ကို တင်ပြလိုပါတယ်။ ပထမအချက်ကတော့ ယနေ့ခေတ်ဟာ ဒေါ်ကြည်ကြည်နှင့် မစ္စမေသူခိုင်ခေတ်မဟုတ်ပါဘူး။ ဒေါ်ကြည်ကြည်နှင့် မစ္စမေသူခိုင်ခေတ်တုန်းကတော့ တိုင်းပြည်အတွက်အလွန်အရေးကြီးတဲ့ လူဦးရေပေါက်ကွဲမှုနှုန်း အဆမတန်များပြားတဲ့ အမျိုးသားရေးပြဿနာများ ပေါ်ပေါက်ခဲ့တာမရှိပါဘူး။ ယခုအခါမှာတော့ ဒီပြဿနာဟာရှိနေပါတယ်။ ဒါကြောင့် ဒီပြဿနာကို မစဉ်းစားလို့မရပါဘူး။

**မူကြမ်း**

ထည့်မတွက်လို့လည်း မရပါဘူး။ ဒါကြောင့် ဒီပြဿနာပေါ် မျက်ခြေပြတ်သွားမယ်ဆိုရင် ဆုံးဖြတ်ချက်များ မှားယွင်းသွားနိုင်ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယအချက်ကတော့ ထိခိုက်နစ်နာနိုင်တယ်ဆိုတဲ့ မယားပြိုင်များရဲ့ အရေအတွက်ပဲဖြစ်ပါတယ်။ လက်တွေ့အားဖြင့်ဆိုရင်တော့ ဒီလိုမယားပြိုင်များရဲ့ အရေအတွက်ဟာ မပြောပလောက်တဲ့ အရေအတွက်ပဲရှိပါကြောင်းကို တင်ပြအပ်ပါတယ်။ တတိယအချက်ကတော့ အခုပြဋ္ဌာန်းမယ့် တစ်လင်တစ်မယားဥပဒေဟာ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိပါဘူး။ ဒီဥပဒေထဲမှာ ဒီဥပဒေ အာဏာမတည်မီက တစ်ဦးထက်ပိုတဲ့ တရားဝင်လင်မယားတို့နှင့် သက်ဆိုင်ခြင်းမရှိရလို့ အတိအကျပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုလက်ရှိအချိန်မှာ မယားအများအပြားရှိသူ မယားပြိုင်များကို ထိခိုက်နစ်နာမှုမရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် ထိခိုက်နစ်နာသူများအတွက် ကုစားနိုင်တဲ့နည်းလမ်းကတော့ ဥပဒေအတိုင်းလိုက်နာကျင့်ကြံပြီးတော့ လိုက်နာကြဖို့ရန်အတွက် ပညာပေးခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ တစ်လင်တစ်မယားစနစ်အား နိုင်ငံရေး၊ ဘာသာရေး၊ ကိုယ်ကျင့်တရား၊ ပြည်သူ့နီတိရှုထောင့်ပေါင်းစုံမှ ချဉ်းကပ်ပြီး တိုင်းပြည်အတွက် အမျိုးကောင်းသားသမီးများအကျိုးအတွက် ရေးဆွဲထားတဲ့ဥပဒေဖြစ်တဲ့အတွက် မလိုက်နာနိုင်စရာအကြောင်းမရှိပါဘူး။ လူတိုင်းလိုက်နာသင့်တဲ့ဥပဒေဖြစ်ပါကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့် မယားပြိုင်အခွင့်အရေးကို ထိခိုက်မှာစိုးရိမ်လို့တင်ပြခြင်းဟာ အမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့တင်ပြမှုမဟုတ်ပါဘူး။ ကိုယ်ကျင့်တရားပျက်ပြားသူ၊ ဥပဒေကိုမလိုက်နာသူ အမျိုးသမီးအနည်းငယ်အတွက် မပြောပလောက်တဲ့အရေအတွက်သာ တင်ပြခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောတိုင်းရင်းသားတို့မှာ မယားဖြစ်သူကယောကျ်ားလေးမမွေးဖွားလို့ရှိရင် လင်ဖြစ်သူကနောက်မယားယူခွင့်ရှိတယ်လို့ ဓလေ့ထုံးတမ်းရှိပါကြောင်း တင်ပြသွားတာကိုလည်းကြားသိရပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး တင်ပြလိုတာကတော့ တိုင်းရင်းသားတို့ရဲ့ ဓလေ့ထုံးစံ ဒါမှမဟုတ် အစဉ်အလာကိုလိုက်နာဖို့ဆိုတာက အဲဒီဓလေ့ထုံးတမ်း ဒါမှမဟုတ် အစဉ်အလာဟာ မြန်မာပြည်မှာ တရားဥပဒေကဲ့သို့ အတည်ဖြစ်လျက်ရှိကြောင်း၊ တရားမျှတမှုရှိကြောင်း ထင်ရှားမှုပေါ်လွင်ဖို့ လိုအပ်ပါတယ်။ ဓလေ့ထုံးတမ်းများကို နက်နဲစွာလေ့လာပြီးတော့ သင့်တော်ကောင်းမွန်တာတွေကိုတော့ ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ခေတ်နှင့် မလျော်ညီတော့တဲ့ ဓလေ့ထုံးတမ်းတွေကိုတော့ ပညာပေးပြီးတော့ ပြုပြင်ရမှာဖြစ်ကြောင်းကို နိုင်ငံတော်တရားရုံးချုပ်က

၁၉၆၇ ခုနှစ်ကပဲ မောင်ကံခုတ်နှင့် ဦးလွန်ထန်းဆိုတဲ့အမှုမှာ ညွှန်ပြထားတာကိုလည်း သတိပြုမှု လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အနှစ်ချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် တစ်လင်တစ်မယားစနစ်ကို နိုင်ငံအများစုက လက်ခံကျင့်သုံးနေကြပါတယ်။ မြန်မာနိုင်ငံမှာလည်း ဥပဒေအရ ပြဋ္ဌာန်းထားခြင်းမရှိပေမယ်လို့ မြန်မာဗုဒ္ဓဘာသာဝင်များက လိုက်နာကျင့်သုံးကြပါတယ်။ ခရစ်ယာန်ဘာသာဝင်များ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သူများအတွက် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးဖို့ ဥပဒေများပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းအားဖြင့် အမျိုးသမီးများအခွင့်အရေးကို ထိခိုက်စရာအကြောင်းမရှိပါဘူး။ မပြောပလောက်တဲ့ အမျိုးသမီးအနည်းငယ်ကိုသာ ထိခိုက်နိုင်တာ ဖြစ်ပါတယ်။ ဒီဥပဒေဟာ မျှတမှုရှိတဲ့ဥပဒေဖြစ်ပြီး လင်နဲ့မယားတို့ရဲ့ ဆန္ဒအစစ်အမှန်နဲ့လည်း ကိုက်ညီမှုရှိပါတယ်။ အရေးကြီးဆုံးကတော့ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်တည်ဆောက်ရန်မှာ ကြုံတွေ့နေရတဲ့ ကြီးမားတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မှာဖြစ်ပါကြောင်း အနှစ်ချုပ်တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကြောင့် ပုလဲမဲဆန္ဒနယ်က ဒေါ်ခင်စန်းလှိုင်တင်ပြတဲ့အချက်ကို လက်ခံရန်မသင့်ဘဲနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းထားတဲ့ တစ်လင်တစ်မယားစနစ်ဆိုင်ရာ ဥပဒေကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆိုကို သိပြီးတင်သွင်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီးတော့ မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၇ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၀ မဲနှင့် ကြားနေဆန္ဒမဲ ၄ မဲ ဖြစ်ပါတယ်။ ဒါကြောင့် အခုအပိုဒ် ၄ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့အတွက် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၃ အမှတ်စဉ် ၇ ဖြစ်ပါတယ်။ ဤဥပဒေအာဏာတည်ပြီးနောက် ယောကျ်ားနှင့်မိန်းမ တို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းသာလျှင် တရားဝင်အတည်ဖြစ်သည် ဟူသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ အပိုဒ် ၅ နှင့်ပတ်သက်ပြီးတော့ ဒီမှာ ပြဋ္ဌာန်းထားတာဆိုရင် ဥပဒေအရ အာဏာတည်ပြီးနောက် ယောကျ်ားနှင့် မိန်းမတို့သည် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရ ဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေထိမ်းမြားမှုပြုလုပ်ရာတွင် တစ်လင်တစ်မယားစနစ်ဖြင့်ထိမ်းမြားခြင်း သာလျှင် တရားဝင်အတည်ဖြစ်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၉၃ ကနေ ၄၉၈ အထိ မယားအများအပြားယူခြင်းနှင့်ပတ်သက်ပြီး အိမ်ထောင်ရေးပြစ်မှု အဖြစ် သတ်မှတ်ထားပါတယ်။ ရာဇသတ်ကြီးအရ မယားအများအပြားယူခြင်းကို တားမြစ်ထားသလို ရာဇဝတ်ကြောင်းအရ အရေးယူထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်လင်တစ်မယားစနစ်ကျင့်သုံး ခြင်းဆိုင်ရာ ဥပဒေမူကြမ်းဟာ မယားအများအပြားယူခြင်းကို ရာဇဝတ်ကြောင်းအရ အပြစ်ပေးရန် အတွက်ဆိုလို့ရှိရင်တော့ ဒီဥပဒေကို ပြဋ္ဌာန်းရန်မသင့်တော်ပါဘူး။ ဥပဒေတစ်ရပ်ကို အသစ်ပြဋ္ဌာန်းတဲ့ နေရာမှာလည်း ရှိပြီးသားဥပဒေကို ပြုပြင်ရေးဆွဲရာတွင်လည်းကောင်း အထူးသတိပြုရန်မှာ အဆိုပါ ဥပဒေဟာ လူထုအတွင်း အမှန်တကယ် ကျင့်သုံးနိုင်ပြီး အပေါင်းလက္ခဏာဆောင်သော လူထု အကျိုးပြုဥပဒေတစ်ရပ်ဖြစ်ဖို့ရန်လိုပါတယ်။ အမျိုးသမီးပဲဖြစ်စေ၊ အမျိုးသားဖြစ်စေ ငယ်စဉ်ကလေး ဘဝထဲကနေစတင်ပြီး မိမိတို့ရဲ့ အမျိုးဘာသာသာသနာ၊ ယဉ်ကျေးမှုရဲ့အပေါ်မှာ ယုံကြည်ချက်နှင့် တန်ဖိုးထားမှုများကို ပိုမိုခိုင်မာလာစေရန်နှင့် နည်းမှန်လမ်းမှန်ပြုစုပျိုးထောင်ပြီး စနစ်တကျလေ့ကျင့်

သင်ကြားပေးခြင်းနည်းလမ်းဖြင့်သာ ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေဖြင့်ထိန်းကြောင်းခြင်းဟာ မသင့်လျော်တဲ့အတွက်ကြောင့်လည်းကောင်း၊ ဒီဥပဒေဟာလည်း လောလောဆယ်မှာ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ရန် လိုအပ်နေတဲ့အတွက်ကြောင့် လည်းကောင်း ကျွန်မရဲ့ တင်ပြချက်ကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ တရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို ထောက်ခံပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၅ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်၏ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဒါကြောင့် ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး စက်ခလုတ်သုံး ဆန္ဒမဲပေးတဲ့ နည်းလမ်းကို အသုံးပြုပြီး မဲခွဲသွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၆ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၉ မဲ နှင့် ကြားနေဆန္ဒမဲ ၂ မဲဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၅ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ ဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ လင်နှင့်မယား တစ်ယောက် သို့မဟုတ် တစ်ယောက်ထက် ပို၍

တရားဝင်ထိမ်းမြားပြီး ယောကျ်ား သို့မဟုတ် မိန်းမသည် အဆိုပါထိမ်းမြားမှုတည်မြဲနေစဉ်ကာလအတွင်း ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရဟူသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်ကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ အမှတ်စဉ် ၁၂ မှာပါတဲ့ ဒီဥပဒေအရဆိုရင် ဤဥပဒေအာဏာတည်တဲ့နေ့မှစ၍ဆိုပြီး အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေအတိုင်းဆိုလို့ရှိရင် ကျွန်မတို့ ထပ်မံထိမ်းမြားခွင့်ကို ဤဥပဒေအာဏာတည်တဲ့နေ့မှစပြီး ထပ်မံထိမ်းမြားခွင့်ကို ခွင့်မပြုဘူးဆိုလို့ရှိရင် ကျွန်မတို့ မည်သည့်ဓလေ့ထုံးစံ ဘာသာရေးယုံကြည်မှုအရမှ မယားအများအပြားယူခြင်းကို သေဆုံးသွားခြင်း၊ ငါးနှစ်အဆက်အသွယ်လုံးဝမရှိခြင်းတို့မှအပ ဥပဒေအရ ခွင့်မပြုဟု တားမြစ်ထားတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ မယားအများအပြားယူခြင်းကို အမှန်တကယ်ထိထိရောက်ရောက် ကာကွယ်ရမယ့်အစား တရားဝင်ထိမ်းမြားခြင်းမပြုဘဲနဲ့ တရားမဝင် တိတ်တိတ်ပုန်းမိန်းမများထားခြင်းဖြင့် အိမ်ထောင်ရေးဖောက်ပြန်မှုများ များပြားလာနိုင်ပါတယ်။ မယားကြီးအား ကွာရှင်းစေရန်အတွက် အနိုင်အထက်ပြုကျင့်ခြင်း၊ အကြပ်ကိုင်ခြင်းများနှင့် အိမ်တွင်းအကြမ်းဖက်မှုများ ပေါ်ပေါက်လာနိုင်ပါတယ်။ တရားမဝင်ပေါင်းသင်းနေထိုင်မှုကြောင့် အမျိုးသမီးရဲ့ အခွင့်အရေးများကို ဆုံးရှုံးစေခြင်းတို့နှင့် ဆိုးကျိုးတွေကို ပေါ်ပေါက်လာနိုင်စေပါတယ်။ တရားဝင်လက်ထပ်ခြင်းမပြုဘဲ ပေါင်းသင်းမှုကနေ ပေါက်ဖွားလာတဲ့ ကလေးငယ်များရဲ့ လူ့အသိုင်းအဝိုင်းအတွက် အသက်ရှင်ရပ်တည်ခွင့်၊ ဖွံ့ဖြိုးခွင့်စတဲ့ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းများလည်း ရှိလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ဆိုတဲ့ ဒီပြဋ္ဌာန်းထားတဲ့ ပုဒ်မကို ကျွန်မတို့အနေနဲ့ ဆက်လက်ပြီးတော့မှ ပြဋ္ဌာန်းနိုင်ရန်အတွက်က ဒီအချိန်မှာမသင့်တော်သေးဘူးလို့ ကျွန်မတို့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့တင်ပြချက်အား အတည်ပြုပေးနိုင်ပါရန်အတွက် တင်ပြပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**မူကြမ်း**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလအဆိုပြုစဉ်တုန်းကတော့ ဒီပုဒ်မမှာ တရားဝင်ထိမ်းမြားမှု တည်မြဲနေစဉ်ကာလအတွင်းမှာ အခြားသူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်း သို့မဟုတ် တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရလို့ တင်ပြခဲ့တာဖြစ်ပါတယ်။ သို့သော်လည်း ဥပဒေကြမ်းကော်မတီက ဆွေးနွေးပြီးတဲ့အခါမှာတော့ ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ အခြား သူတစ်ဦးနှင့် ထပ်မံထိမ်းမြားခြင်းမပြုရလို့ပဲပါပါတယ်။ ကျွန်တော်တို့ ပထမရေးဆွဲစဉ်က ဖော်ပြခဲ့တဲ့ တရားမဝင်နေထိုင်ပေါင်းသင်းခြင်းမပြုရဆိုတဲ့ အပိုဒ်ကို ဖျက်လိုက်ပါတယ်။ ဖျက်လိုက်တဲ့အတွက် တရားမဝင်နေထိုင်ပေါင်းသင်းတဲ့ကိစ္စတွေ မပါတော့ပါဘူး။ ခုနက ဒေါ်ခင်စန်းလှိုင် တင်ပြတဲ့ကိစ္စ၊ စိုးရိမ်တဲ့ကိစ္စ ဒီမှာမပါတော့ပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်း၏ အပိုဒ် ၉ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင် ချက်အဆိုတင်သွင်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်၏ ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး စက်ခလုတ်သုံး ဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲသွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၆၄ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၈ မဲ နှင့် ကြားနေဆန္ဒမဲ ၂ မဲဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၉ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၁ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယားရဲ့စာမျက်နှာ ၄ အမှတ်စဉ် ၁၄ ဖြစ်ပါတယ်။ ယောကျ်ား သို့မဟုတ် မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ ထိမ်းမြားခဲ့ဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ကြောင်း ခိုင်မာသည့်အထောက်အထားတင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ ထိမ်းမြားနိုင် သည်ဆိုသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါ ရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အပိုဒ် ၁၁ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီးရှင့်။ ကျွန်မအနေနဲ့ အမှတ်စဉ် ၁၄ ကို ပယ်ဖျက်ရန်အတွက် တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအမှတ်စဉ် ၁၄ မှာဆိုလို့ရှိရင် ယောကျ်ား သို့မဟုတ် မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ယင်းသို့ ထိမ်းမြားဖူးကြောင်း အသိပေးကြေညာ၍ ယခင်အိမ်ထောင်နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ် ကြောင်း ခိုင်မာတဲ့အထောက်အထားတင်ပြနိုင်လျှင် တခြားသူတစ်ဦးနှင့် ထပ်မံ၍ ထိမ်းမြားနိုင်သည် ဟု ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ခိုင်မာတဲ့အထောက်အထားတင်ပြနိုင်လျှင် အခြားသူတစ်ဦးနှင့် ထပ်မံ၍ ထိမ်းမြားနိုင်သည်ဆိုတဲ့ ဒီပြဋ္ဌာန်းချက်အရကြောင့်မို့လို့ အမျိုးသားတစ်ဦးဟာ အခြားအမျိုး သမီးတစ်ဦးနှင့် ထပ်မံပြီးတော့ ထိမ်းမြားလိုလို့ရှိရင် ခိုင်မာတဲ့အထောက်အထားကို တင်ပြရမှာဖြစ်ပါ တယ်။ အဲဒီခိုင်မာတဲ့အထောက်အထားကို တင်ပြနိုင်ရန်အတွက် အမျိုးသားဟာ လက်ရှိပေါင်းသင်းနေ တဲ့ အမျိုးသမီးကို အကြမ်းဖက်ခြင်းနည်းအားဖြင့်လည်းကောင်း၊ အနိုင်ကျင့်နှိပ်စက်ခြင်းနည်းအားဖြင့် လည်းကောင်း၊ ဒါမှမဟုတ်လို့ရှိရင် အမျိုးမျိုးသော စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အိမ်တွင်း အကြမ်းဖက်မှုနည်းလမ်းတွေနဲ့ အမျိုးသမီးရဲ့ထံကနေပြီးတော့မှ ဒီကွာရှင်းပြတ်စဲပြီးပါပြီဆိုတဲ့ ဒီလို အသိသက်သေလက်မှတ်ကို ရနိုင်ရန်အတွက် ဆောင်ရွက်မှုတွေဟာ ဖြစ်ပေါ်လာနိုင်စရာအကြောင်း ရှိပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသမီးများရဲ့ အခွင့်အရေးကို ကာကွယ်ချင်တယ်ဆိုရင် ဥပဒေပြဋ္ဌာန်း ပြီးတဲ့နောက်မှာ ဥပဒေကို အကာအကွယ်ယူပြီးတော့ ပေါ်ပေါက်လာနိုင်တဲ့ နောက်ဆက်တွဲ ပြဿနာ တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ရာ လိုအပ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဟာ လောလောဆယ်မှာ ဒီပုဒ်မအရရော ပြဋ္ဌာန်းဖို့ရန် မသင့်တဲ့အတွက်ကြောင့်မို့လို့ အမျိုးသမီးများရဲ့ အခွင့်အရေးနှင့် အမျိုးသမီးများရဲ့ ဘဝလုံခြုံရေးကို ရှေးရှုပြီးတော့မှ ဒီဥပဒေကို မပြဋ္ဌာန်းသင့်သေးပါကြောင်း

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မရဲ့အဆိုကို အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၁ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆို တင်သွင်းထားတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်၏ ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ယခု ဆွေးနွေးတဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး စက်ခလုတ်သုံး ဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၆၄ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၀ မဲနှင့် ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၁၁ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဒီဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ။** ။ အပိုဒ် ၁၂ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၁၇ ဖြစ်ပါတယ်။ မည်သူမျှ ဥပဒေတစ်ရပ်ရပ်ဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ၊ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံ၍ ထိမ်းမြားမှုမပြုရဟူသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အပိုဒ် ၁၂ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ အပိုဒ် ၁၂ ကို ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် လင် သို့မဟုတ် မယားတစ်ဦးဦးသည် ထပ်မံ၍ ထိမ်းမြားမှုပြုလျှင် ထိုသူသည် အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ရာရောက်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒီပုဒ်မဟာ ထိမ်းမြားလက်ထပ်မှုအတည်ဖြစ်နေစဉ်မှာ နောက်ထပ်အိမ်ထောင်မပြုနိုင်စေရန်အတွက် အကာအကွယ်ဖြစ်စေရန် ပြဋ္ဌာန်းထားတဲ့ပုဒ်မဖြစ်ပါတယ်။ ဘာသာကိုးကွယ်ယုံကြည်မှု၊ မိသားစုစီမံကိန်း၊ မျိုးပွားမှုနှင့် လက်ထပ်ထိမ်းမြားမှုဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂလိကဘဝနှင့်သာ သက်ဆိုင်တဲ့အရေးကိစ္စများသာဖြစ်ပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ ဥပဒေနှင့် ပြဋ္ဌာန်းထိန်းချုပ်ကန့်သတ်၍မရနိုင်သော၊ မရစကောင်းသောကိစ္စရပ်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လူတစ်ဦးတစ်ယောက်ရဲ့ ပုဂ္ဂလိကမိသားစုဘဝကို ဥပဒေဘောင်တစ်ခုအတွင်းကို အတင်းသွပ်သွင်းခြင်းဟာ အာဏာကိုအခြေပြုသော လုပ်ရပ်တစ်ခုဖြစ်ပြီး ဒီမိုကရေစီရဲ့တန်ဖိုးများကိုလည်း ရုပ်လျော့သွားစေနိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်သွားနိုင်တယ်လို့ ယူဆပါတယ်။ တရားမဝင်တိတ်တိတ်ပုန်းမိန်းမများ ပေါ်ပေါက်လာနိုင်ပြီး အမျိုးသမီးများရဲ့ တရားဝင်ရရှိမယ့် အခွင့်အရေးများဆုံးရှုံးသွားနိုင်ပါတယ်။ ထို့အပြင် တရားမဝင် ကိုယ်ဝန်ဖျက်ချမှုများလည်း ပေါ်ပေါက်လာနိုင်တဲ့အတွက် အမျိုးသမီးများရဲ့ ကျန်းမာရေး၊ တရားဝင်ရပိုင်ခွင့်စတဲ့အချက်များကိုလည်း ထည့်သွင်းစဉ်စားသင့်တဲ့အတွက်ကြောင့်လည်းကောင်း ဒီပုဒ်မကို ပြဋ္ဌာန်းရန် မသင့်တော်ပါ။ ဒီ့ထက်ပိုမိုပြည့်စုံကောင်းမွန်သော ဥပဒေအသစ်ကိုသာ ရေးဆွဲပြဋ္ဌာန်းသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးစိုးညွှန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတစ်လင်တစ်မယားစနစ်ပဲ လက်ထပ်မှုကိစ္စနှင့်ပတ်သက်ပြီးတော့ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက မယားအများအပြားယူခြင်းကို အားမပေးပါကြောင်း

ကျွန်တော်တို့ဆီမှာ ရောက်လာတဲ့စာများအရ သိရှိရပါတယ်။ ဒါကြောင့် ဒီအပိုဒ်နှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ဆွေးနွေးတဲ့ ဥပဒေကြမ်း၏ အပိုဒ် ၁၂ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆို တင်သွင်းထားကြတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခု ဆွေးနွေးတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး စက်ခလုတ်သုံး ဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်ကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၆၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၀ မဲနှင့် ကြားနေဆန္ဒမဲ မရှိဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၁၂ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဒီဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်း ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၁၈ ပြင်ဆင်ချက်အပိုဒ် ၁၄ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာ ဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ မည်သို့ပင်ဆန့်ကျင်နေစေကာမူ ထမ်းမြားမှုအတည်ဖြစ်စေစဉ် လင် သို့မဟုတ် မယားသည် အခြားသူနှင့်ထပ်မံ၍ ထိမ်းမြားလျှင် ဒီဥပဒေအရ အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်၍ ကျန်သည့် မယား သို့မဟုတ် လင်က လင်မယားကွာရှင်းခွင့်ရှိသည်ဟူသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၃ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အပိုဒ် ၁၃ ကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီပုဒ်မမှာ လင် သို့မဟုတ် မယားတစ်ဦးဟာ အခြားသူနှင့်ထပ်မံ၍ ထိမ်းမြားလျှင် အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ခြင်းဖြစ်သည်ဟု ရေးသား ပြဋ္ဌာန်းထားခြင်းပဲ ဖြစ်ပါတယ်။ ထပ်မံ၍ထိမ်းမြားခြင်းမပြုဘဲ အခြားအမျိုးသမီးများနှင့်သော် လည်းကောင်း၊ အခြားအမျိုးသားနှင့်သော်လည်းကောင်း ပေါင်းသင်းနေထိုင်လို့ရှိရင် အိမ်ထောင်ရေး ပြစ်မှုမကျူးလွန်လို့ ယူဆဖွယ်ရာဖြစ်နေပါတယ်။ ဥပဒေရဲ့အားနည်းချက်ကို အကာအကွယ်ယူပြီး တရားဝင် မဟုတ်သော အိမ်ထောင်ရေးဖောက်ပြန်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဆင်းရဲ နွမ်းပါးမှု၊ အသိပညာ နည်းပါးမှုများရဲ့အပေါ်မှာ အခွင့်ကောင်းယူ၍ အမျိုးကောင်းမိန်းကလေးများ ဟာ တရားမဝင် တိတ်တိတ်ပုန်း အငယ်အနှောင်းမိန်းမများအဖြစ် တရားမဝင်ပုန်းလျှိုးကွယ်လျှိုး လုပ်တတ်တဲ့ဓလေ့တွေဖြစ်အောင် အမျိုးသမီးနှင့်ကလေးများကို အန္တရာယ်ဖြစ်အောင် တွန်းပို့ပေး သလိုဖြစ်နေပါတယ်။ ဒီဥပဒေမူကြမ်းဟာ မယားအများအပြားယူခြင်းကို ရာဇဝတ်မှုမြောက်စေပြီး ထိုသို့ဖြစ်ရခြင်းရဲ့ ဇစ်မြစ်အကြောင်းအရင်းကိုတော့ ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်မှုမရှိသလို ထိုသို့ယူခြင်းကြောင့် ဖြစ်ပေါ် လာတဲ့ထိခိုက်မှု၊ နစ်နာမှုတွေကို လုံလောက်တဲ့ပြန်လည်ဖြေရှင်းပေးခြင်း သို့မဟုတ် ပြန်လည်ကုစား ပေးခြင်းမပါရှိသဖြင့် ဒီပုဒ်မကိုလည်း ကျွန်မတို့အနေနဲ့ ပြန်လည်ပြီးတော့မှ စဉ်းစားဆင်ခြင် သုံးသပ်ပြီးတဲ့နောက်မှာ ကျယ်ကျယ်ပြန့်ပြန့် ထပ်မံဆွေးနွေးသင့်ပါတယ်လို့ ကျွန်မ အနေနဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြရင်းကျွန်မရဲ့အဆိုကို အတည်ပြုပေးနိုင် ပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာလည်း တိတ် တိတ်ပုန်းနေထိုင်ခြင်းကို တရားဝင်တယ်လို့ အသိအမှတ်ပြုခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကြမ်း ကော်မတီရဲ့ တွေ့ရှိချက်အတိုင်း အတည်ပြုသင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁၃ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆို တင်သွင်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို

မဲခွဲဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်မှာဖြစ်ပါတယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး စက်ခလုတ်သုံးဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ အခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၅ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၉ မဲနဲ့ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများတဲ့အတွက်ကြောင့် အပိုဒ် ၁၃ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၄ နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၁၉ ကို ပြင်ဆင်ချက်အပိုဒ် ၁၅ ဖြစ်ပါတယ်။ ပုဒ်မ ၁၄ အရ လင်မယားကွာရှင်းရာတွင် အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူသည် နှစ်ဦးပိုင်ပစ္စည်းနှင့် စပ်လျဉ်း၍ ၎င်း၏အခွင့်အရေးများ ဆုံးရှုံးခြင်းခံရမည်ဟူသည့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၄ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မအနေနဲ့ အပိုဒ် ၁၄ ကို ဆက်လက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီပုဒ်မဟာ နှစ်ဦးပိုင်ပစ္စည်းနှင့် ပတ်သက်ပြီးတော့ အခွင့်အရေးကို သတ်မှတ်ခြင်းပဲဖြစ်ပါတယ်။ ပစ္စည်းခန်းနှင့် ပတ်သက်၍သာ ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး တရားဝင် သို့မဟုတ် တရားမဝင်မှ မွေးဖွားလာသော သားသမီး ကလေးသူငယ်များရဲ့ အခွင့်အရေးကိုတော့ ပြဋ္ဌာန်းထားတာ မပါရှိပါဘူး။ လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများ၊ စံသတ်မှတ်ချက်များနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာပဋိညာဉ်စာချုပ်များနှင့်အညီ ဒီဥပဒေမူကြမ်းဟာ မယားအများအပြားယူထားသော အိမ်ထောင်များနှင့် အိမ်ထောင်ရေးဖောက်ပြန်တဲ့အမှုမှာနေပြီးတော့မှ

ပေါင်းဖော်နေထိုင်မှုကနေ မွေးဖွားလာတဲ့ ကလေးသူငယ်တွေကို ကာကွယ်ပေးထားခြင်းလည်း မပါရှိပါဘူး။ အမျိုးသားများ မယားအများအပြားယူတဲ့အလေ့အထကို နိုင်ငံတော်ကနေ ကန့်သတ်ခြင်းဖြင့် တချို့သောလူနည်းစု ရပ်/ရွာအသိုင်းအဝိုင်းများမှာ ကျင့်သုံးနေတဲ့အလေ့အထတစ်ခုကို အတိအကျဦးတည်ပစ်မှတ်ထားသလိုဖြစ်နေပြီး လူနည်းစု၊ အုပ်စုများကို ခွဲခြားဆက်ဆံတဲ့အတွက်ကြောင့် အစွန်းနှစ်ဖက်ကို ရောက်ရှိစေနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၄ ကို ချိုးဖောက်ပြီးတော့ နိုင်ငံရေး သို့မဟုတ် မျိုးနွယ်စုရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ စိတ်ဝမ်းကွဲပြားမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ယခုအချိန်ဟာ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပဖို့ရာ အချိန်ကာလကလည်း သတ်မှတ်ပြီးဖြစ်တဲ့အတွက်ကြောင့် မကြာခင်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခင်းအကျင်းအသစ်တွေဟာ စတင်တော့မယ့် အချိန်အခါလည်း ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ တိုင်းရင်းသားများ အချင်းချင်းကိုးကွယ်ရာဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ကို ထိခိုက်စေတဲ့ဥပဒေမျိုးကို ပြဋ္ဌာန်းရန်အတွက် မသင့်တော်သေးလို့ ယူဆပါတယ်။ ဒါ့အပြင် အင်မတန်မှအရေးကြီးတဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးဟာလည်း တစ်မျိုးသားလုံးအတွက် အရေးတကြီး အားစိုက်လုပ်ဆောင်နေရတဲ့အချိန်မှာ တိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲပြားဖြစ်စေမယ့် ဥပဒေမျိုးတွေကို ပြဋ္ဌာန်းဖို့ရာမှာလည်း စဉ်းစားဆင်ခြင်ရမယ့် အချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေနှင့်တကွ ဤပုဒ်မကို ဒီအချိန်မှာ ပြဋ္ဌာန်းရန်မသင့်တော်သေးပါဘူးဟု ကျွန်မအနေနဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြပါတယ်။ ဒါကြောင့် ကျွန်မရဲ့တင်ပြချက်ကို အတည်ပြုပေးနိုင်ပါရန်အတွက် ဒုတိယဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါခင်ဗျား။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိတည်ဆဲ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာလည်း ကြီးလေးတဲ့အိမ်ထောင်ရေးဖြစ်မှုကို ကျူးလွန်သူအား နှစ်ဦးပိုင်ပစ္စည်းမှ သူ့ရဲ့ရပိုင်ခွင့်ကို ဆုံးရှုံးရမယ် ဆိုတဲ့ပြဋ္ဌာန်းချက်မှာလည်း ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေပါပြဋ္ဌာန်းချက်ဟာလည်း ဒါနဲ့အတူတူပဲ ဖြစ်ပါတယ်။ သားသမီးအခွင့်အရေးများနှင့် ပတ်သက်လို့ကတော့ လာမယ့်အပိုဒ် ၂၀ မှာထည့်သွင်း ပြဋ္ဌာန်းထားလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုသင့်ပါကြောင်း လေးစားစွာထောက်ခံတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခုဆွေးနွေးတဲ့ ဥပဒေကြမ်း၏ အပိုဒ် ၁၄ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနှင့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင်ချက်အဆို တင်သွင်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကိုမူတည်ပြီး မဲခွဲဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး စက်ခလုတ်သုံးဆန္ဒမဲပေးတဲ့နည်းလမ်းအသုံးပြုပြီး မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၆ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၀ မဲနဲ့ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများတဲ့အတွက်ကြောင့် အပိုဒ် ၁၄ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၀ အပိုဒ် ၁၅ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကိုးကွယ်ရာဘာသာအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးသည် အဆိုပါထိမ်းမြားမှုအတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနဲ့ထပ်မံ ထိမ်းမြားပါက တရားမဝင်ထိမ်းမြားခြင်းဖြစ်သဖြင့် နောက်မိန်းမသည် ထိုယောကျ်ား၏အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမယူသည့် ယောကျ်ားသည်လည်း ပထမမိန်းမနှင့် နောက်မိန်းမတို့၏ အမွေကိုဆက်ခံခွင့် မရှိစေရ။ သို့ရာတွင် နောက်မိန်းမ၏ သားသမီးများသည် ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသည်ဆိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်အား အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၅ နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်အား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ အပိုဒ် ၁၅ ကိုဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဒီဥပဒေကို ကျွန်မတို့အနေနဲ့ အခုလိုဆွေးနွေးတာဟာ မယားအများအပြားယူခြင်းကို ထောက်ခံနေခြင်းမဟုတ် ပါဘူး။ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီးတဲ့နောက်မှာ ဒီဥပဒေဟာပြည်သူလူထုလေးစားလိုက်နာချင်အောင် ဒီဥပဒေရဲ့ပြဋ္ဌာန်းချက်တွေဟာ စည်းနှောင်မှုရှိဖို့လိုအပ်ပါတယ်။ ဥပဒေတစ်ခုဖြစ်ရင်ပြီးရော။ အခြား အကြောင်းကြောင်းတွေကြောင့်မို့လို့ ဥပဒေတစ်ခုကိုပြဋ္ဌာန်းလိုက်ရတယ်ဆိုတဲ့ အခြေအနေမျိုးနဲ့ ဥပဒေကိုပြဋ္ဌာန်းလိုက်မယ်ဆိုလို့ရှိရင် ဥပဒေရဲ့စည်းနှောင်မှုအားမရှိတဲ့အပေါ်မှာ အခွင့်ကောင်းယူပြီး တဲ့နောက်မှာ ကျွန်မတို့တိုင်းပြည်မှာ အခုလည်းဒါ ဥက္ကဋ္ဌကြီးတို့နှင့်တကွ ကြွရောက်လာကြတဲ့ ဒီလွှတ်တော်ထဲမှာရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း သိပါတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေဟာ အင်မတန်မှ နိုင်ငံခြားမှာထွက်ရောက်ပြီးတော့ အလုပ်လုပ်နေကြရတာတွေ တိုင်းပြည်အတွင်းမှာ ကုမ္ပဏီတွေမှာအလုပ်လုပ်နေကြတာတွေ နေ့ဘက်၊ ညဘက်ဆိုတဲ့ အမျိုးသမီး တွေရဲ့ဘဝ မလုံခြုံတဲ့ ဒီလိုအခြေအနေမျိုးတွေမှာ ကျွန်မတို့အမျိုးသမီးတွေရဲ့ဘဝကို ကာကွယ်နိုင်ဖို့ ရန်အတွက်က အင်မတန်မှအရေးကြီးပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့ မြန်မာအမျိုးသမီး မိန်းမပျို၊ မိန်းမကောင်းလေးတွေဟာ အခြေအနေအရပ်ရပ်ကြောင့်၊ အကြောင်းကြောင်းတွေကြောင့် တရားမဝင် တဲ့အမျိုးသမီးတွေ တရားမဝင်တဲ့မိန်းမတွေအဖြစ်နဲ့ ဘဝတွေကို တိတ်တိတ်ပုန်းနေထိုင်သွားရမယ့် အဖြစ်တွေကနေ ကာကွယ်နိုင်ဖို့ရန်အတွက် ကျွန်မတို့က ဒီဥပဒေကိုဆွေးနွေးနေရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေရဲ့အားနည်းချက်ကို အကာအကွယ်ယူသွားပြီး ဖောက်ပြန်လာမယ့်ကိစ္စတွေကိုလည်း ကျွန်မတို့က ဒီအချက်တွေကိုလည်း ထည့်သွင်းပြီးတော့ စဉ်းစားနေရပါတယ်။ အဲဒီတော့ ဒီမှာ ပြဋ္ဌာန်းလိုက်တဲ့ ပုဒ်မ ၁၅ ဟာဆိုရင်လည်း အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် ထပ်မံထိမ်းမြားပါက ထိမ်းမြားခြင်းအတည်မဖြစ်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့်မို့လို့မို့ ဒီဥပဒေဟာ ကျွန်မတို့ ဒီပုဒ်မဟာ ပြဋ္ဌာန်းဖို့ရာမလိုတော့ပါဘူး။ ဘာ့ကြောင့်လဲဆိုလို့ရှိရင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ ထိမ်းမြားပြီးသော ယောကျ်ားတစ်ဦးဟာ အဆိုပါ ထိမ်းမြားမှုအတည်ဖြစ်နေစဉ် အခြားမိန်းမတစ်ဦးနှင့် ထပ်မံထိမ်းမြားပါက ထိမ်းမြားခြင်းအတည် မဖြစ်လို့ ပြောထားတဲ့အတွက်ကြောင့် နောက်မိန်းမသည် ထိုယောကျ်ားရဲ့အမွေကို ဆက်ခံခွင့်မရှိစေရ။ နောက်မိန်းမယူသည့် ယောကျ်ားသည်လည်း ပထမမိန်းမနှင့် နောက်မိန်းမတို့၏ အမွေကို ဆက်ခံခွင့်မရှိစေရဆိုပြီးတော့မှ ထပ်မံပြဋ္ဌာန်းရန် မလိုတော့ပါဘူး။ နောက်မိန်းမဟာလည်း တရားဝင်

တဲ့မိန်းမ မဟုတ်သလို နောက် ယောက်ျားဟာလည်း တရားဝင်တဲ့ယောက်ျားမဟုတ်ပါဘူး။ ဒါ့ကြောင့် အမွေစကားကိုပြောရန် မလိုအပ်တော့ပါဘူး။ ဒါ့ကြောင့်ဒီပုဒ်မရဲ့ပြဋ္ဌာန်းချက်ဟာ ရှေ့နောက်ညီညွတ်မှု မရှိတဲ့အတွက်ကြောင့် ပယ်ဖျက်ပေးသင့်ပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းတဲ့အခါမှာ နောင်အခါမှာ အငြင်းပွားမှုမရှိစေရန်အတွက် တိကျပြတ်သားမှုရှိစေရန်အတွက် ကျွန်တော်တို့စဉ်းစားပြီးတော့ ရေးဆွဲခြင်းဖြစ်ပါတယ်။ ဒါကြောင့် နောက်ထပ်ထိမ်းမြားခြင်းဟာ ထိမ်းမြားတဲ့အခါမှာ တရားမဝင်တဲ့ အတွက် နောက်ထပ်ထိမ်းမြားတဲ့ လင်ဖြစ်စေ၊ မယားဖြစ်စေ ကျွန်တော်တို့အမွေဆက်ခံခွင့်မရှိကြောင်း ကို အငြင်းပွားဖွယ်ရာမရှိအောင်၊ နောင်အခါမှာအငြင်းပွားဖွယ်ရာမရှိအောင်အတွက် ထည့်သွင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါကြောင်း။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြု သင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးတဲ့ဥပဒေကြမ်း၏ အပိုဒ် ၁၅ နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီနဲ့ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်တို့က ပြင်ဆင် ချက်အဆို တင်သွင်းထားခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ကန့်ကွက်မဲများလျှင် ဒေါ်ခင်စန်းလှိုင်ရဲ့ပြင်ဆင်ချက်က အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ယခုဆွေးနွေးတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး စက်ခလုတ်သုံးဆန္ဒမဲပေးတဲ့နည်းလမ်းကို အသုံးပြုပြီး မဲခွဲဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်ကြစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၂၇၉ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၈ မဲနဲ့ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ များတဲ့အတွက်ကြောင့် အပိုဒ် ၁၅ သည် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ကြပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၇၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၀) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၉)ရက်မြောက် နေ့ကို ၁၂း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**